
www.dhammadownload.com




ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ဦးဟောကြားတော်မူသောတရားတော်

# ဝိပဿနာရှုနည်း ညှိနည်း

(၉၁)

ဟောကြားသည့်နေ့
၁၆ – ၆ – ၆၂

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ဝိပဿနာရှုနည်း ညှိနည်း

ဟောကြားသည့်နေ့
(၁၆-၆-၆၂)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - ၁၈၅/၂၀၀၀ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၇၁/၂၀၀၀ (၄)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု မတ်လ
တန်ဖိုး - (        )

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဝိပဿနာရှုနည်း၊ ညှိနည်း

(၁၆-၆-၆၂)

ဒကာ ဒကာမတို့ခန္ဓာကိုယ်ထဲမှာ ရှုစရာကိုသိပြီးမှ ရှုလို့ဖြစ်တယ်ဆိုတာကိုလည်းထုံးစံအတိုင်းပဲမှတ်ပါတော့နော်၊ရှုစရာကို မသိဘဲနဲ့ ရှုနေလို့ရှိရင်လည်း၊ အလကားထိုင်နေသလိုပဲ၊ မောင်နိုင်တို့ ကိုစောမောင်တို့ဖြစ်နေမယ် . . . (မှန်ပါ)။

## ရှုစရာကဘာပါလိမ့်မတုံး

အဲဒီတော့ရှုစရာရှိတာကို သိမှရှုလို့ဖြစ်တယ်ဆိုတာကို မှတ်ရမယ်နော် အဲဒါကိုပြောကြပါစို့ . . . ၊ ရှုစရာက ဘာပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ မျက်လုံးအကြည့်နဲ့၊ မောင်နိုင်တို့ အဆင်းနဲ့တွေ့တော့ မြင်စိတ်ကလေး မပေါ်ဘူးလား — . (ပေါ်ပါတယ်ဘုရား)။

www.dhammadownload.com



မြင်တယ်ဆိုတဲ့ မြင်စိတ်ကလေးဟာ မောင်နိုင်ရေ အရင်ကရှိတာလား၊ ခုမှပေါ်တာလား . . . (ခုမှပေါ်တာပါ ဘုရား) အဲဒါမှတ်လိုက်စမ်းပါကိုစောမောင်ရဲ ပဋိစ္စသမုပ္ပါဒ် အစလို့မှတ် . . . (မှန်ပါ့)။

ဦးဘကလေး၊ ဒါဘာခေါ်ကြမလဲ . . . (ပဋိစ္စ သမုပ္ပာဒ်အစပါဘုရား) အဲဒါပဋိစ္စသမုပ္ပါဒ်အစလို့ တစ်ပွဲလုံး မှတ်ပါ ဒီဥစ္စာ အဲဒါ ရှုစရာ အစပေါ်တာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီ)။

စက္ခုံစ၊ ပဋိစ္စရူပေစ စက္ခုဝိညာဏံဆိုတဲ့ မြင်စိတ် ကလေးဟာ မောင်နိုင်စ,ပေါ်တာပဲ (မှန်ပါ့) သဘောကျပ လား . . . (ကျပါပြီ)

## အခုမှစ,ပေါ်တဲ့မြင်စိတ်

အုင်း-စ,ပေါ်လို့ရှိရင်- ဒကာဒကာမတို့က မြင်ပြီး သကာလ စက္ခုဝိညာဏံဆိုလို့ရှိရင် ဖဿလာမှာပဲ လာချင် လာ မလာချင်နေ အသာထား သူ့ထုံးစံအတိုင်းလာတာပဲ။

ဖဿပစ္စယာ ဝေဒနာဆိုတဲ့ဥစ္စာ၊ ကောင်းတာလား ဆိုးတာလားဆိုတဲ့ ဝေဒနာကလေးတွေ မလာဘူးလား . . . (လာပါတယ်ဘုရား)။

www.dhammadownload.com



ဟာ-ဒါဖြင့်မြင်ပြီးလို့ရှိရင်ဖြင့် အကောင်းအဆိုးရွေးပြီ (မှန်ပါ့) မြင်ပြီးရင်အကောင်းအဆိုးရွေးပါတယ်၊ မြင်ပြီးရင် . . . (အကောင်းအဆိုး ရွေးပါတယ်) ဒါ သူများပြောလား၊ ဒကာ ဒကာမတို့ ကိုယ့်ဖြစ်စဉ်လား . . . (ကိုယ့်ဖြစ်စဉ် ပါဘုရား)။

## သံသရာဆိုတာ

အဲ. . . မြင်တာကအစ ကိုစောမောင် အကောင်း အဆိုး ရွေးတာက ဒုတိယ မြင်တာက . . . (အစပါ) အစပေါ့ ပဋိစ္စသမုပ္ပါဒ်စ,လိုက်ပြီ အကောင်းအဆိုးရွေးတာက . . . (ဒုတိယပါဘုရား)၊ ဒုတိယလို့မှတ်လိုက်တော့၊ ဪ. . . ကိုယ့်သန္တာန် ဒီအတိုင်းဖြစ်နေတော့၊ ဒါသံသရာ ခေါ်တယ်၊ ဒါဘယ့်နှယ်ခေါ်ကြမယ်. . . (သံသရာပါဘုရား) သံသရာခေါ်တယ်လို့ မှတ်လိုက်စမ်းပါ။ ဒကာဒကာမတွေ ဒါဘာခေါ်တယ်လို့ မှတ်ရမယ်. . . (သံသရာခေါ်တယ်လို့ မှတ်ရပါ့မယ်ဘုရား)

"ကဲ-တစ်ခါသွားပါဦး၊ ဝေဒနာပစ္စယာတဏှာ၊ ဝေဒနာ ချုပ်သွားပြီ ကိုစောမောင်ရေ. . . တဏှာကလာနေ တယ် (မှန်ပါ) မြင်စိတ်ပေါ်တာကိုးဗျ၊ တဏှာကလေး

www.dhammadownload.com



ကပေါ်ပြီ၊ အင်း-ခုနက ဝေဒနာလေးချုပ်သွားပြီ မောင်နိုင်ရေ (မှန်ပါ့) တဏှာကလေးနဲ့ အသက်ရှင်နေပြန်ပြီ ဦးဘရှင်းဘာနဲ့ အသက်ရှင်နေတယ်. . . (တဏှာနဲ့အသက်ရှင်နေပါတယ်ဘုရား)

## ပဋိစ္စသမုပ္ပာဒ်တန်းနေတာ

တဏှာနဲ့အသက်ရှင်နေတယ်ဆိုတော့ ဪ-သူလဲ ပဋိ စ္စသမုပ္ပဒ်ပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) အင်း-ဒါဖြင့် အခုစပြောခါရှိသေးတယ် ပဋိစ္စသမုပ္ပာဒ်အင်း . . မြင်တဲ့စိတ်ကလေးလည်းချုပ်သွားပြန်ပြီ ကိုစောမောင်ရေ အကောင်းအဆိုး ဝေဖန်တဲ့စိတ်က ကျန်နေတယ်၊ အကောင်းအဆိုးဝေဖန်တဲ့စိတ်ချုပ်သွားပြန်တော့ လိုချင်တာကလေးက . . . (ကျန်နေတယ်) သဘောကျပလား. . . (ကျပါပြီ)။

ဒါခင်ဗျားတို့ သန္တာန်တန်းနေတာလေ၊ တစ်ခုချုပ်ပြီးတော့. . . (တစ်ခုပေါ်နေပါတယ်) အဲဒီတစ်ခုချုပ်ပြီးတော့. . . နောက်တစ်ခု (ပေါ်နေပါတယ်) နောက်တစ်ခု၊ တဏှာပေါ်နေတယ်၊ တဏှာပေါ်လာလို့ရှိရင်ဖြင့် တဏှာပစ္စယာဥပါဒါန်ဆိုတဲ့ စွဲလမ်းတာပေါ်လာတယ်၊

တဏှာကချုပ်ပြန်ပြီး ဥပါဒါန်စွဲလမ်းတာက ပေါ်လာတယ်၊ ဥပါဒါန်နဲ့ အသက်ရှင်နေတယ်၊ ဘယ်လိုဆိုကြ

www.dhammadownload.com



မလဲ. . . (ဉပါဒါန်နဲ့အသက်ရှင်နေတယ်) ဉပါဒါန်နဲ့အသက်ရှင်နေတယ်လို့ မှတ်လိုက်ပါ။

ဉပါဒါန ပစ္စယာကမ္မဘဝေါဆိုတော့ အင်းလိုချင်တာလေးကို သွားယူမှပဲ ပြောဦးမှပဲဆိုတော့ ပြောဦးမှပဲဆိုတာ ဝစီကံ ကမ္မဘဝ၊ သွားဦးမှပဲဆိုတာ၊ ကာယကံ ကမ္မဘဝ၊ ရှင်းပလား (ရှင်းပါပြီ)။ ကိုစောမောင် ဘယ်နှစ်ခုရှိသွားပြီလဲ. . . (ငါးခုပါဘုရား) ကဲပြန်ပြောပါဦးမယ် ဒကာဒကာမ တို့နော်. . .။

## ရှုစရာမသိမှာစိုးလို့ပြောတာ

ဒါက-ရှုစရာကိုပြတာပြီးမှ ရှုပုံကိုပြမယ်၊ သေသေချာချာနားထောင်ကြပါ၊ ဒကာဒကာမတို့ ရှုစရာမသိပဲနေမှာစိုးလို့ပြောနေတာ။

မြင်တယ်ကွ၊ မောင်နိုင်က မြင်စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဆင်းနဲ့မျက်လုံးအကြည်နဲ့ တိုက်ဆိုင်တဲ့အခါကျတော့ မျက်လုံးအကြည်ပေါ်မှာ မောင်နိုင်ဘာပေါ်လာမလဲ. . . (မြင်စိတ်ကလေးပေါ်ပါတယ်)၊ အဲဒါပဋိစ္စသမုပ္ပါဒ်အစလို့မှတ်လိုက်၊ သဘောကျပလား (ကျပါပြီ) မျက်လုံးပေါက်က အစပေါ့လေ။

www.dhammadownload.com



## မျက်လုံးပေါက်ကရှုစရာ

နောက်ကဒကာဒကာမတွေ မြင်စိတ်ကလေးဟာ ဘာတဲ့ (ပဋိစ္စသမုပ္ပဒ်အစ,ပါဘုရား) အဲဒါပဋိစ္စသမုပ္ပာဒ်ပဲ၊ ရှင်းပလား (ရှင်းပါပြီ) ခင်ဗျားတို့ကတော့မျက်လုံး ဖွင့်လိုက်ရင် ပေါ်တော့မှာပဲ သြော်မြင်စိတ်ကလေးစပြီ၊ မြင်တယ်ဆိုလို့ ရှိရင်ဖြင့် ပြောကြပါစို့ အကောင်းအဆိုးမရွေးဘူးလား (ရွေးပါတယ်) မြင်စိတ်ချုပ်သွားပြီ မောင်နိုင်၊ အကောင်းအဆိုးရွေးတဲ့ ဝေဒနာလာနေတယ်၊ ဘယ်သူနဲ့ အသက်ရှင်နေလဲ. . . (ဝေဒနာနဲ့အသက်ရှင်နေပါတယ်) သဘောကျပလား. . . (ကျပါပြီ) အကောင်းအဆိုးရွေးပြီးသကာလ အကောင်းဖြင့် ယူမယ်ဆိုတဲ့ တဏှာလာပြန်တယ်၊ မလာဘူးလား. . . (လာပါတယ်)။

ဒါဘယ်သူနဲ့အသက်ရှင်နေလဲ. . . (တဏှာနဲ့ အသက် ရှင်နေပါတယ်) အကောင်းအဆိုးရွေးတဲ့စိတ်က . . . (ချုပ်သွားပါတယ်) ချုပ်သွားမှ ချုပ်သွားပြီ ဆိုတဲ့စိတ်သိမှု၊ ဘယ်ဟာကိုမှတ်ရမယ်၊ ဘယ်ဟာကို ရှုရမယ်၊ ဘယ်ဟာကိုမှတ်ရမယ်ဆိုတာ ပေါ်လာလိမ့်မယ်။

ကဲ-တစ်ခါသွားပါဦးတဲ့ လိုချင်တဲ့စိတ်ကလေးနဲ့ အသက် ရှင်နေတယ်တဏှာနဲ့ အသက်ရှင်နေတယ်လို့ ဒကာဒကာမတို့ကိုဟောလိုက်ပြီ၊ လိုချင်ရုံပဲလားတဲ့၊ ဒါတော့

www.dhammadownload.com



ရအောင်လုပ်မှုပဲဆိုတဲ့ ဥပါဒါန်ကောမလာဘူးလား . . (လာပါတယ်)

အင်း-ဒီတစ်ခါတော့ ဘယ်သူနဲ့ အသက်ရှင်နေလဲ (ဥပါဒါန်နဲ့ပါဘုရား) အင်းတဏှာတော့ ချုပ်သွားပြီ မောင်နိုင်ရေ ဥပါဒါန်နဲ့ အသက်ရှင်နေတယ် သဘောကျပလား. . . (ကျပါပြီ)။ ဥပါဒါန်နဲ့အသက်ရှင်ပြီးသကာလ ကာယကံနဲ့ ကျောက်ကလေးတစ်ခုကို လက်ညှိုးနဲ့လက်မနဲ့ ညှပ်တဲ့ပြီး သကာလ ဟိုထောင်ကြည့်၊ ဒီထောင်ကြည့်တာ၊ ကာယကံ သဘောကျပလား . . . (ကျပါပြီ)။

ဒါက ဘာတုံး၊ ဘယ်လောက်ထားပါလားဆိုတော့ . . . (ဝစီကံ) ကံမြောက်ပြီ၊ ကံမြောက်သွားပြီ ရိုပ်မိကြပလား . . . (ရိုပ်မိပါပြီ)။

## ကျောက်ဝယ်နေတာကံမြောက်တယ်

အမယ်လေး ဒကာ ဒကာမတို့ ခင်ဗျားတို့ကျောက်ဝယ်နေတာ ကံမြောက်တယ်၊ သဘောကျပလား . . . (ကျပါပြီ) အဲဒီ ကံမြောက်ပြီးသကာလ ကမ္မဘဝပစ္စယာဇာတိဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ဖြစ်စဉ်ကိုပြောပါတယ်၊ အခု မလာသေးပါဘူး နောက်ဘဝမှလာမှာ ကိုစောမောင် ရှင်းပလား . . (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ဒီနေရာရပ်ပါတော့ သဘောကျပလား (ကျပါပြီ) တစ်ကမြင်တယ်၊ နှစ်ကအကောင်းအဆိုး

www.dhammadownload.com



ဝေဖန်တယ်၊ ဟုတ်လား. . . (မှန်ပါ) သုံးကလိုချင်တယ်၊ လေးကစွဲလမ်းတယ်၊ ငါးက ကာယကံ၊ ဝစီကံလုပ်တယ်။ ဘယ်နှစ်ခုပါလဲ (ငါးခုပါဘုရား) သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊ ဒကာ ဒကာမတို့နော်။

## ရှုစရာတွေ ပြန်ပြောဦးမယ်

ပြန်ပြောဦးမယ်၊ ဒါရှုစရာကိုပြတာ၊ ဒကာဒကာမတို့ ဘာပြနေတာလဲ (ရှုစရာကိုပြပါတယ်)၊ ကဲမြင်သည်၊ ကျောက်နဲ့ မျက်လုံးနဲ့တည့်နေတဲ့အခါကျတော့ မြင်စိတ်ကလေး မောင်နိုင် (ပေါ်ပါတယ်ဘုရား) ဒါဘာခေါ်ကြမယ်. . . (မြင်စိတ်) မြင်စိတ်ပဲ၊ ပဋိစ္စသမုပ္ပာဒ်အလိုဖြင့် ဒါအစ၊ ပဋိစ္စသမုပ္ပာဒ်အစပေါ်ပြီ၊ သဘောကျပလား. . . (ကျပါပြီ)။

မြင်စိတ်ဆိုတော့ ဦးဘရှင်း ဒီကနေစ,ရမယ်၊ ကိုပေါ် . . (စရမယ်ဘုရား) ဒီကစ,ရမယ်၊ ဒီပြင်စစရာမှမရှိပဲ ကိုး သဘောကျပလား (ကျပါပြီ)။

မြင်တယ်ဆိုရင် ဖဃအသာထားလိုက်တော့ ကိုစောမောင်တို့ အကောင်းအဆိုးရွေးတဲ့ ဝေဒနာက လာတယ်၊ မြင်စိတ်ချုပ်ပြီး အကောင်းအဆိုးရွေးတဲ့ဝေဒနာနဲ့ အသက်ရှင်နေတယ်၊ ဒကာဒကာမတွေဘာနဲ့အသက်ရှင်

www.dhammadownload.com



နေလဲ. . . (ဝေဒနာနဲ့အသက်ရှင်နေတယ်)။ ကောင်းတယ် ထင်ရင်လည်း ကောင်းတဲ့ဝေဒနာပေါ့ဗျာ မကောင်းတယ်ထင် ရင်လည်းမကောင်းတဲ့ ဒေါမနဿဝေဒနာနဲ့ အသက်ရှင်နေ တယ်၊ ဘယ်နှစ်ခုရှိသွားပြီလည်း (နှစ်ခုရှိသွားပါပြီ) တစ်ခုချုပ် ပြီးတစ်ခုဖြစ်စဲနော်. . (မှန်ပါ)

## လောဘနဲ့သွားတဲ့ပဋိစ္စသမုပ္ပာဒ်

အဲဒီအကောင်းအဆိုးရွေးပြီးသကာလ ကောင်း တယ်ထင်ရင်လည်းလိုချင်တယ်ဆိုတဲ့ လောဘကလေး နောက်က လိုက်လာတယ်၊ အင်းဘယ်သူချုပ်သွားလဲ (အကောင်းအဆိုးရွေးတာပါ) အကောင်းအဆိုးရွေးတဲ့ ဝေဒနာလေးချုပ်သွားတယ်။ ဒကာဒကာမတွေ ဘယ်လိုဆို ကြမယ်. . . (အကောင်းအဆိုးရွေးတဲ့ဝေဒနာချုပ်ပါတယ်)

အင်းဒါဘယ်သူနဲ့ အသက်ရှင်နေပြန်ပါလိမ့်. . . (တဏှာနဲ့အသက်ရှင်နေပါတယ်) အင်း- ဝေဒနာနဲ့အသက် ရှင်နေတဲ့ ခန္ဓာတစ်ယောက်တော့သွားပြီ (မှန်ပါ) ဝေဒနာနဲ့ အသက်ရှင်နေတဲ့ ကိုစောမောင်ကြီး တစ်ယောက်တော့သွား ပြီ တဏှာနဲ့ အသက်ရှင်တဲ့ ကိုစောမောင်ဖြစ်နေတယ် ရိပ်မိ ကြပလား. . . (ရိပ်မိပါပြီ)။

www.dhammadownload.com



ကောင်းပြီဒီတကျောနဲ့ အသက်ရှင်နေတုံးပဲတဲ့၊ ပဋိစ္စသမုပ္ပါဒ်က ဟကျောပစ္စယာ ဥပါဒါန်ဆိုတာက လာရတော့မှာ ကိုး ဦးခင်မောင် (မှန်ပါ့) ဒါလေးတော့ မရအရ ရှင်းမှပဲဆိုတဲ့ စိတ်ကူး အကြီးစားလေးမပေါ်ဘူးလား (ပေါ်ပါတယ်) ဒါက ဥပါဒါန်ပေါ့ ဘယ်သူနဲ့ အသက်ရှင်နေလဲ . . . (ဥပါဒါန်နဲ့ အသက်ရှင်နေတယ်)

တကျောက ကိုစောမောင် ဘယ်ရောက်သွားတယ် . . . (ချုပ်သွားပါတယ်) ချုပ်သွားတယ်၊ ချုပ်သွားတော့ သူ့မှာရှုစရာ မြင်မှာကိုးဗျ၊ နို့မို့မြင်နိုင်ပါ့မလား . . . (မမြင်နိုင်ပါဘူး)။

## ကလေးတွေသင်သလိုသင်နေတာ

အဲ့ဒါဖြင့် အားလုံးတရားရှုနေတဲ့ မှတ်နေတဲ့ ဒကာ ဒကာမတွေဖြစ်လို့ ဖြစ်စဉ်ကိုက်ပြောနေတယ်နော် ဘာရှုရမှန်း မသိဘဲနေမှာစိုးလို့နော် (မှန်ပါ့) အခုတော့သိပြီ၊ အဲတစ်ခါသွားပါဦးတဲ့၊ ပြန်ကြည့်ပြန်တော့ ကိုစောမောင် မြင်ရုံ မြင်တာ၊ လက်ကလေးနဲ့ ကိုင်ကြည့်လိုက်တော့ ကာယကံမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ကာယကံ စေတနာပေါ့ဗျာ၊ သဘောကျပလား (ကျပါပြီ)။

အပြောကလေးဆက်လိုက်တော့ . . . (ဝစီကံ) ဝစီကံ စေတနာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ထောင်ကြည့်လိုက်တဲ့အခါကျတော့ (ကာယကံ

www.dhammadownload.com



စေတနာ၁) ကာယကံ စေတနာ၊ ဟဒယဝတ္ထုပေါ်မှာ ပေါ်တယ် ချေးလေးတစ်ချက်ထောက်ကြည့်လိုက်တော့ ဝစီကံစေတနာ (မှန်ပါ့) ကံပြောက်ပလား (ပြောက်ပါပြီ)

ဒီကျတော့ကံနဲ့ အသက်ရှင်နေတယ် ဆိုလိုက်ပါ၊ ဘာချုပ်သွားပြီလဲ. . . (ဥပါဒါန်ပါ) ဥပါဒါန်ချုပ်သွားတယ်၊ နောက်ကဒကာဒကာမတွေ (ဥပါဒါန်ချုပ်သွားပါတယ်) သေသေချာချာ ရင်းရင်းချာချာ ပြောနေတာနော၊ ကလေးတွေ သင်သလို သင်ပြောနေတာ။

## သူပြတာရှုနိုင်မှအဖိုးတန်မှာ

ရမ်းရှုလို့ဘာမှမဖြစ်ဘူး၊ သေသေချာချာ သူပြောတာ သူပြတာ ရှုနိုင်မှသာလျှင် အဖိုးတန်မှာ သဘောကျပလား (ကျပါပြီ)။

ဘယ်နှစ်ခေါက်ရှိသွားပလဲ မောင်နိုင် (ငါးခေါက်ရှိပါပြီ) အင်း-ဒါဖြင့် ဒါမျက်လုံးပေါက်ကနေပြီးတော့ တစ်ချုပ်မှ နှစ်ဖြစ်မယ်။ နှစ်ချုပ်မှ (သုံးဖြစ်မယ်) သုံးချုပ်မှ. . . (လေးဖြစ်မယ်) လေးချုပ်မှ. . . (ငါးဖြစ်မယ်) ငါးကျတော့ ဒီဘဝဆုံးပြီ. . . (မှန်ပါ့) ကမ္မဘဝပစ္စယာဇာတိဆိုတာ စာဆိုပါတဲ့ မလာသေးပါဘူး၊ ဦးဘကလေးလာပလား (မလာသေးပါဘူး) ဒါက သေမှလာရမှာကိုး။

www.dhammadownload.com



ဒီကံကအကျိုးပေးမှ ဇာတိကလာမှာကိုးဗျ အခုလာပလား . . . (မလာသေးပါဘူး) အခုဒါဖြင့် ဒကာဒကာမတို့ သန္တာန်မှာဖြစ်စဉ် ဘယ်နှစ်ခုတန်းသွားပြီလဲ. . . (ငါးခုပါ) ငါးခု တန်းသွားတယ်ဆိုတော့ ရှင်းသွားပြီ၊ ဒါမျက်လုံးပေါက်က ကိုစောမောင် (မှန်ပါ့)။

## ဝိပဿနာမရှုတတ်မှာစိုးလို့

ကဲနားပေါက်ကလဲ ကိုယ်သားသမီးကလေးက အော်တဲ့ အသံကလေးကိုတဲ့ ဟိုကအော်တဲ့အသံနဲ့ ကိုယ့်နားနဲ့ဆိုက်နေလို့ရှိရင် အကြည်လေးနဲ့ တည့်သွားတဲ့အခါ ကြားစိတ်ကလေး မပေါ်ဘူးလား . . (ပေါ်ပါတယ်) ကြားစိတ်ကလေးပေါ်လို့ရှိရင်ဖြင့် ဒီအသံကလေးကြားရတဲ့အခါ ပြောတတ်ဆိုတတ် ရှိပေတယ်ဆိုတဲ့ ဝမ်းသာတဲ့ စိတ်ကလေးလည်း . . . (ပေါ်ပါတယ်) ကြားတဲ့ပုဂ္ဂိုလ်ဝမ်းသာတဲ့ ဝေဒနာ မလာဘူးလား. . (လာပါတယ်)

အင်းဒီလိုပဲ အသံလေးကြားလို့ ဝမ်းသာနေတုံးပဲ ခင်တတ်မင်တတ်တာက ကြားဝင်မထိုးလိုက်ဘူးလား. . . (ထိုးပါတယ်) ဘယ်သူချုပ်သွားသတုံး (ဝေဒနာ) ဝေဒနာချုပ်သွားတယ်မှတ်ထားကြပါ။ မှတ်ထားကြပါ။ ကိုယ့်သန္တာန်ဖြစ်တာ ကိုယ်မသိရင် အရှုံးဖြစ်မှာစိုးရတယ်၊ သဘောကျပလား (ကျပါပြီ) ဝိပဿနာမရှုတတ်ပဲနေမှာ စိုးရတယ်။

www.dhammadownload.com



ဝိပဿနာမရှုတတ်လို့ရှိရင် နိဗ္ဗာန်မရဘူးနော်၊ သဘောကျပလား. . . ကျပါပြီ၊ ကဲဒါဖြင့် ကြားစိတ်ကလေး ချုပ်သွားပြီး သကာလ ဝမ်းသာတဲ့စိတ်ကလေးပေါ်လာတယ်၊ အဲဒါ- ဝေဒနာပဲ မောင်နိုင်ရှင်းပလား. . . (ရှင်းပါပြီ) ဝမ်းသာပြီးသကာလ ခင်တဲ့စိတ်ကလေးကော. . . (ပေါ်ပါတယ်) အင်း-ဘယ်သူ ချုပ်သွားသတုံး။ (ဝမ်းသာတဲ့စိတ်ပါဘုရား) ဝေဒနာချုပ်ပြီ ဝမ်းနဲ့မရဘူး။ မရဘူး။ သေချာစဉ်းစားပါ၊ ဝမ်းနဲ့ကြည့်နေရင် ဒီဥစ္စာ ဖြစ်ပျက်မမြင်တော့ဘူး သဘောကျပလား. . (ကျပါပြီ) ဘယ်သူချုပ်မှန်းကော သိသေးရဲ့လား (မသိပါ) မသိတော့ဘူးဆိုတာ သေသေချာချာမှတ်ပါ။

## ကြားစိတ်ကလေး

အခုကြားတယ်ဆို၊ ကြားစိတ်ကလေးချုပ်သွားတယ်၊ ကြားစိတ်ကလေးချုပ်သွားပြီး သကာလ ပြန်ပြီးကြားလို့ ဝမ်းသာ တယ်ဆိုတဲ့စိတ်နဲ့ အသက်ရှင်နေတယ်။ ဝမ်းသာရုံတင် မကဘူး ခင်စိတ်ကလေးက နောက်ကလိုက်လာတော့ ဘယ်သူချုပ်ပြန်လဲ (ဝမ်းသာတဲ့စိတ်) ဝမ်းသာတဲ့ ဝေဒနာလေးချုပ်ပြီ မောင်နိုင် (မှန်ပါ့) မချုပ်ဘူးလား (ချုပ်ပါတယ်)။

www.dhammadownload.com



ဒါဖြင့် ခင်တဲ့စိတ်နဲ့ အသက်ရှင်မနေဘူးလား (နေပါတယ်) ဒါဖြင့် တဏှာနဲ့အသက်ရှင်နေတယ် ဆိုကြပါစို့ (မှန်ပါ) နောက်ခင်ရုံ မင်ရုံပဲလားတဲ့ ဒါလေးကို ကြီးပွားအောင် လုပ်ဦးမှပဲ ဆိုတဲ့ စွဲလမ်းမှုလေးကော (လာပါတယ်ဘုရား) ခင်မင်မှုကနေ လာတာနော် အင်း ဒီအချိန်ကျတော့ ဦးဘရှင်းဘာနဲ့ အသက်ရှင်နေတုံး (စွဲလမ်းမှုနဲ့ပါ) အင်း-ဘယ်သူ သေသွားတုံး (တဏှာသေသွားပါတယ်) တဏှာနဲ့ခင်တဲ့ ဦးဘရှင်း တစ်ယောက် ပျက်စီးပြီ . . . (မှန်ပါ)။

## တစ်စိတ်နဲ့အသက်ရှင်နေတယ်

ဘာပြုလို့လဲ မောင်နိုင် တစ်စိတ်နဲ့ အသက်ရှင်နေတယ် တစ်စိတ်နဲ့ အသက်ရှင်နေတယ်ဆိုကတည်းက မသွားသေးဘူးလား . . . (သွားပါတယ်) ကဲ-သဘောပါပလား (ပါပါပြီ) ကိုစောမောင် နှစ်စိတ်နဲ့ အသက်ရှင်တယ်လို့ ဘုရားမှာလည်း မရှိဘူး၊ သခင်မှာလည်းမရှိဘူး၊ တစ်စိတ်နဲ့ အသက်ရှင်တာ ချည်းမှတ် . . . (မှန်ပါ)။

ဦးဘရှင်း မှတ်မိပြီ . . . (မှတ်မိပါပြီ) ဒကာကြီးလှိုင် . . . (မှတ်မိပါပြီ) မှတ်မိပြီနော် . . . ကိုင်းဒါဖြင့် စွဲလမ်းပြီး သည့်နောက်ကိုတဲ့ သူ့အသံကလေး ကြားလည်းကြားရော ဒီကနေ ပြန်ပြီး ထူးချင်လည်းထူးလိုက်တဲ့ ဝစီကံကလေးကော မလာဘူးလား . . . (လာပါတယ်) သွားပြီးတွေ့ချင်တဲ့၊ တွေ့တဲ့သဘောလေးနဲ့သွားဦးမှပဲဆိုတဲ့ ကာယကံကလေး

www.dhammadownload.com



ကော (လာပါတယ်) အင်း-ဘယ်သူနဲ့ အသက်ရှင်နေသလဲ (ကာယကံနဲ့ ရှင်ပါတယ်)။

ကာယကံနဲ့ အသက်ရှင်တယ်၊ ပြောတုံးကလည်း ဝစီကံနဲ့ အသက်ရှင်တယ်၊ သဘောကျပလား . . . (ကျပါပြီ) ကိုင်း-ဒါဖြင့် ဒကာဒကာမတို့မှာ နားပေါက်ကလည်း ပဋိစ္စသမုပ္ပါဒ် စဉ်သွားလိုက်တာ ငါးမျိုး၊ နှာခေါင်းပေါက်ကကော (ငါးမျိုး)လျှာပေါက်ကကော (ငါးမျိုး) အင်း- ကိုယ်ပေါက်က (ငါးမျိုး) မနောပေါက်ကကော (ငါးမျိုးပါဘုရား)။

ငါးမျိုးဆိုတော့ ဒီအတိုင်းပဲ မောင်နိုင် ဒါခင်ဗျားတို့မှာ ဒီငါးပေါက် ဒီခြောက်ပေါက် ကိုဘမောင် လှည့်နေတယ်၊ တစ်နေ့လုံး လှည့်နေတယ်၊ လှည့်နေတော့ ကျုပ်တို့ကတော့ တစ်ခါမှ မဖြတ်ဘူးဆိုကြပါစို့။

တစ်ခါမှ မဖြတ်တော့ တစ်နေ့ကံမြောက်တာ ဘယ်လောက်မြောက်သတုံးမေးရင် ဘယ့်နှယ်ဖြေမလဲ (မရေတွက်နိုင်ပါဘုရား) မောင်နိုင် (မရေတွက်နိုင်ပါ) နောတ်က ဒကာဒကာမတွေ. . . (မရေတွက်နိုင်ပါဘုရား)။

ခင်ဗျားတို့ ကံမြောက်နေတာတွေ ကံဖြစ်မြောက်နေတာတွေ မနည်းဘူး. . . (မနည်းပါဘုရား) ကာယကံပေါင်း၊ ဝစီကံပေါင်းလေ နည်းကြသလား. . . (မနည်းပါဘုရား)။

အဲ့တော့ ဒီကံပေါင်းတွေက မရေတွက်နိုင်ပါတော့၊

www.dhammadownload.com



ဒီကံတွေက မောင်နိုင်တစ်ခုသောကံကလည်း သေသည့် အခြား မဲ့၌ ကမ္မဘဝပစ္စယာဇာတိ၊ ဟိုတစ်ခုသောကံကကော (ကမ္မဘဝပစ္စယာဇာတိပါဘုရား)။

## မသေပျော်သေးဘူး

ကျောင်းဆောက်ဘုရားတည်ထားတာ၊ တစ်ခါ တလေမှ လုပ်တဲ့သားသမီးတွေရှင်ပြုတဲ့ ကုသိုလ်လေးနဲ့ ဒီကံ တွေနဲ့ မောင်နိုင်မျှပ်မလား (မမျှပါဘုရား) သေသေချာချာ များ တွက်ကြည့်စမ်းပါ ဦးဘရှင်း မမျှဘူး၊ ဇောက်ထိုးပဲ၊ သဘောကျပလား (ကျပါပြီ) ဇောက်ထိုးမသွားပေဘူးလား (သွားပါတယ်)။

အဲတော့ ဩော် . . . ခင်ဗျားတို့မှာကြွေးပေါင်း ဘယ်လောက်ရှိသတုံးလို့၊ ကာယကံကြွေးပေါင်း၊ ဝစီကံ ကြွေးပေါင်း (မရေတွက်နိုင်ပါ)။ ကိုစောမောင် . . . (မရေတွက်နိုင်ပါ)။ ဒါ- ခင်ဗျားတို့က (၈) ရက်တစ်ပါတ်မှ ဥပုသ်ကလေးစောင့်တာနဲ့ ကျုပ်တော့ သေပျော်ပလား (မသေပျော်သေးပါဘုရား)။ သေသေချာချာစစ်ကြည့်တော့မှ မသေပျော်သေးတာကိုပေါ်လာတယ် . . . (ပေါ်လာပါ တယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

မစစ်ဆေးရင်မပေါ်သေးဘူး၊ မစစ်ဆေးရင် ကိုယ့်

www.dhammadownload.com



ဟာကိုယ်ဟုတ်နေတာပဲ . . . ကိုယ့်ဟာကိုယ်ဟုတ်နေတာသာဆိုတယ် ကိုယ့်အမှုဖြစ်တာမှ မောင်နိုင်ကိုယ်ကမသိဘဲ (မှန်ပါ)။ အဲတော့ ကိုယ်ဟာ ကိုယ်ပြောသံကြားနဲ့ ဟုတ်နေတယ်။

မင်းနှယ်ကွာ ဥပုသ်ကလည်းမြဲသဟော့၊ လှူတာတန်းတာကလည်း မင်းကမြဲသဟော့၊ မင်းမှာစိတ်ချရသကွာ၊ သေရင်သုဂတိဘုံနဲ့၊ နိဗ္ဗာန်တောင်စိတ်ချရတယ်လို့ သူများပြောသံကြားယုံမလား၊ ကံမြောက်တာကိုယုံမလား(ကံမြောက်တာကို ယုံပါတယ်ဘုရား)။

ပေါ်ကြပြီ ဒကာ ဒကာမတို့ သူများပြောတာယုံမလား၊ ကိုယ်ကံမြောက်တာယုံကြမလား. . . (ကိုယ်ကံမြောက်တာ ယုံပါတယ်ဘုရား) မယုံကြည့်ဗျာ၊ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား) ကိုင်း-ဘယ်ဇာတိလဲ ကိုစောမောင်ကံကမကောင်းတဲ့ကံဆိုရင် မကောင်းတဲ့ဇာတိပေါ့၊ကောင်းတဲ့ကံဖြစ်ရင်လည်း ကောင်းတဲ့ဇာတိ ဒါဖြင့် ဇာတိပေါင်းဘယ်လောက်တုံး မေးလို့ရှိရင် (မရေတွက်နိုင်ပါဘုရား) ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီ။)

နည်းတဲ့ဇာတိတွေမဟုတ်ဘူး၊ နှောင်လာမှာတွေကလေ အဲဒီအကြောင်းရင်းကြောင့် ကျောက်တွင်းကကျောက်ကလေးရမှ အရောင်းအဝယ်ဈေးဖြစ်ထွန်းလာမှ

www.dhammadownload.com



ဘုရားလေးတည်တာဆိုတော့ ခင်ဗျားတို့ ဇာတိကံပေါင်းနဲ့ မျှရဲ့လား . . . (မမျှပါ ဘုရား)။

ဒါမောင်နိုင်တို့က သူများပြောသံကြား မယုံနဲ့ကွ၊ ကိုယ်ဖြစ်စဉ်ယုံပါမှပေါ့၊ သူများပြောသံကြားယုံရမှာလား၊ ကိုယ်ဖြစ်စဉ် ယုံရမှာလား၊ ကိုယ်ဖြစ်စဉ်ယုံရမှာပါဘုရား။ ကိုစောမောင် မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

## သေပျော်ပြီလို့သွားမပြောနဲ့

ဒကာကြီးလှိုင် (ပေါ်ပါပြီဘုရား)၊ ခင်ဗျားလူကြီးနော် မင်းတော့ သေပျော်ပြီ၊ ငါဘုရားမှာ ရွှေတွေချထားတာ မနည်းဘူးနော်၊ ဒီလိုအောက်မေ့ပြီး လုပ်မနေနဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီ)။ သေပျော်ပြီလို့ သွားပြောမနေနဲ့ဦး ရွှေဆိုင်း တစ်ရာလှူတာက ခြောက်ထပ်ကြီးက အလှူခံလာမှရွှေဆိုင်း တစ်ရာလှူ တာပါ၊အိမ်မှာနေပြီး မကောင်းတဲ့ကမ္မဘဝတွေက ဘယ်လောက်တုံး၊ မရေတွက်နိုင်ပါဘုရား။ အဲတော့ ဒီရွှေလေးနဲ့ ကယ်ပါ့မလား . . (မကယ်ပါဘုရား) ရှင်းပလား ဒကာကြီးလှိုင် . . . (ရှင်းပါပြီ)။

ဒါဖြင့် ကိုစောမောင် ဒါလောက်ဆိုရင်ဖြင့် ဒါတစ်ဦး ချင်းဖြစ်စဉ်နဲ့ ရှင်းပြတာလား အားလုံးတို့၏ ဖြစ်စဉ်နဲ့ ရှင်းပြ တာလား၊ အားလုံးဖြစ်စဉ်ရှင်းပြတာပါဘုရား။

www.dhammadownload.com



ဒါဖြင့် ဘာမှ သံသယ မရှိကြနဲ့ ဒီဥစ္စာကို သတ်မှ ရတယ်။ဘယ့်နှယ်ဆိုကြမယ် . . . (သတ်မှရပါတယ်ဘုရား)။ ကိုင်း-ဒါဖြင့် ဒီလိုလုပ်ကြပေတော့၊ ဒီကံတွေကို သတ်မှ ရမယ် ဆိုတော့ ဒီတဏှာတွေ၊ ဒီဉပါဒါန်တွေ၊ ဒီကံတွေ၊ ဒီသောက တွေပေါ့ဗျာ၊ ဒီမောဟတွေ၊ ဒေါသတွေနဲ့ သွားတဲ့ ပဋိစ္စ သမုပ္ပါဒ်နော် . . ။

## မောဟနဲ့သွားတဲ့ပဋိစ္စသမုပ္ပါဒ်

မောဟနဲ့သွားတဲ့ပဋိစ္စသမုပ္ပါဒ်က ပါလိုက်သေးတယ်၊ မြင်တယ်ဆိုတော့ မောင်နိုင်မြင်စိတ်ကလေး မပေါ်ဘူးလား၊ အဲဒီမြင်စိတ်ကလေးကို ဘာဖြစ်မှန်းမသိဘူးဆိုတဲ့ အဓိပ္ပါယ် လည်းမရှိပေဘူးလား၊ အင်းဘာဖြစ်မှန်းမသိဘူး၊ ဘာလုပ်တာ မှန်း မသိဘူးဆိုတော့ အဝိဇ္ဇာ။

သူ့နောက်က အဝိဇ္ဇာလိုက်နေတယ်၊ မလိုက်ဘူးလား။ (လိုက်ပါတယ်) အဝိဇ္ဇာပစ္စယာသင်္ခါရာ သူကလည်းနှစ်ခု နှစ်ခု လိုက်နေတော့ မခက်ဘူးလား၊ ခက်ပါတယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါကလည်း ပဋိစ္စသမုပ္ပါဒ်တစ်မျိုးလိုက်ပြန်တယ်၊ ခုနကဟာကတော့ တစ်မျိုးလိုက်တယ်၊ မောင်နိုင်ရှင်းပလား . . . (ရှင်းပါပြီ)။

www.dhammadownload.com



ဒီလိုပဲ ဒေါသလိုက်ပုံကလေးပြလိုက်ပါဦးမယ်၊ ကိုစောမောင် မြင်တယ်ဆိုလို့ရှိရင် မျက်မွေးစူးတယ်ဆိုတဲ့ ဥစ္စာနောက်က ဒေါသကလေးမလိုက်ဘူးလား. . (လိုက်ပါတယ်) ဒေါသလိုက်တော့ မြင်တာကတစ်စိတ်၊ ဒေါသက တစ်စိတ်၊ မြင်တာချုပ်ပြီး ဒေါသစိတ်ကျန်ခဲ့တယ်။

## ဒေါသနဲ့သွားတဲ့ပဋိစ္စသမုပ္ပါဒ်

အဲ-ဒေါသကနေ သောက၊ ပရိဒေဝ၊ အဝိဇ္ဇာတွေကော (လာမှာပါ)၊ အဝိဇ္ဇာပစ္စယာသင်္ခါရကော. . (လာမှာပါ) လာမယ်ဆိုတော့ ဒါတွေကလည်းတစ်နေ့အလိုမတူတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရ ကြုံရတဲ့အခါကျတော့ ဒါတွေကကော . . . (မရေတွက်နိုင်ပါဘုရား)။

မရေမတွက်နိုင်တော့ ခင်ဗျားတို့မှာတဲ့ ပဋိစ္စသမုပ္ပါဒ်မရှိရင်လည်း အသက်မရှင်နိုင်ဘူး၊ ဒါအသေအချာမှတ်ပါ။ ပဋိစ္စသမုပ္ပါဒ်မရှိရင်လည်း . . . (အသက်မရှင်နိုင်ပါဘုရား)။ရှင်ပြန်တော့လည်း သက်ဆိုးရှင် ဖြစ်နေမှာစိုးရတယ်. . . (မှန်ပါ) ရှင်ပြန်တော့လည်း (သက်ဆိုးရှင်ဖြစ်နေမှာစိုးရပါတယ်ဘုရား)။

သက်ဆိုးရှင် ဖြစ်နေတော့လည်း ခုနက တဏှာနဲ့ အသက်ရှင်နေပြန်တော့လည်း မကောင်းဘူး၊ ဥပါဒါန်နဲ့

www.dhammadownload.com



အသက်ရှင်နေပြန်တော့လည်း မကောင်းဘူး၊ နောက်က ဒကာ ဒကာမတွေ . . . (မကောင်းပါဘုရား)။

မကောင်းတဲ့ကံနဲ့ အသက်ရှင်နေရင်ကော . . . (မကောင်းပါဘုရား)။ မကောင်းဘူးဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါပြီ)။ ကိုယ်ပေါ် ရှင်းကြပလား (ရှင်းပါပြီ)။

ပဋိစ္စသမုပ္ပါဒ်ကတစ်ခါမျက်လုံးပေါက်မှာလည်း သုံးမျိုးနဲ့လာတယ်၊ နားပေါက်မှာလည်း (သုံးမျိုးနဲ့လာတယ်)။ ဒါ သုံးခြောက်လီ (၁၈)ပေါ့ဗျနော်။

## ဘယ်တော့မှ အဓဟောသိကံမဖြစ်ဘူး

ဒါတွေဟာ တစ်ဆယ့်ရှစ်သာပြောတာ တစ်နေ့ (၁၈) ပေါင်း ဘယ်လောက်တုံးလို့ မေးရင် ဒကာ ဒကာမတွေ ဘယ်လိုဖြေကြမယ် . . (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ပါဘုရား၊ တပည့်တော်တို့ မျက်လုံးကလည်း စွင့်ရတယ်၊ နားကလည်း စွင့်ရတယ်ဆိုတာ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဒကာ ဒကာမတွေ ဒီဟာတွေဟာ ကံမြောက်ချည်းသွားနေတော့ ခင်ဗျားတို့မှာ ကံပေါင်းဘယ်လောက်တုံးလို့ မေးဖို့လိုတယ် (မှန်ပါ့) ဒီကံတွေဟာ အဟော

www.dhammadownload.com



သိကံဖြစ်သွားမှာလားလို့ မေးလိုက်တဲ့အခါ ဝိပဿနာမဂ်ဉာဏ်မရသေးလို့ရှိရင် မောင်နိုင်ကမှတ်၊ ဘယ်တော့မှ အဟောသိကံမဖြစ်ဘူး။

ဝိပဿနာမဂ်ဉာဏ်ရရင်ဖြင့် (အဟောသိကံဖြစ်ပါတယ်) အဟောသိကံဖြစ်တယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ကဲ-ဒါဖြင့် ဒကာ ဒကာမတွေ တက်ကြပါစို့ အလုပ်ပေးတော့မယ် ဒကာ ဒကာမတွေ (မှန်ပါ့)။

## ဘာရှုရမှန်းမသိဘူးလို့မဆိုပါနဲ့

အလုပ်ပေးတော့မယ်ဆိုတာက ရှုစရာရှိမှ ရှုရမှာကိုးကိုစောမောင် ရှုစရာမရှိရင် . . . (ရှုလို့မရပါ)၊ ရှုစရာပဋိစ္စသမုပ္ပါဒ်အကြောင်းနည်းဟာက ဒကာ ဒကာမတွေ ရှုစရာပြတာလို့ မှတ်လိုက် . . . (မှန်ပါ့)။

ဒကာကြီးလှိုင် ဘာပြတာတုံး . . . (ရှုစရာပြတာပါ) အဲ- ရှုစရာပြတော့ တပည့်တော် ဘာရှုရမှန်းမသိဘူးလို့ ဆရာဘုန်းကြီးကို ခင်ဗျားတို့က တော်တော်ကြာကျတော့ အမြစ်တင်မနေနဲ့ ကိုယ့်သန္တာန်ဖြစ်တာ ကိုယ်မသိလို့ မရှုတတ်တာလို့သာ ကိုစောမောင်ပြောရမယ် . . . (မှန်ပါ့)။

ကဲ-ဒါဖြင့် မြင်စိတ်ကလေးလာပြီ မောင်နိုင်ရေ ဟုတ်လား ခံစားတယ်ထားပါတော့ မြင်စိတ်ကလေးကို တဏှာ

www.dhammadownload.com



မလာအောင် ဘာလုပ်ရမလဲ၊ ဖြစ်ပျက်ရှုလိုက်မယ်. . . (မှန်ပါ့)။

## မြင်စိတ်ကလေးလာရင်ဖြစ်ပျက်ရှု

ကိုစောမောင် မြင်စိတ်ကလေး ဖြစ်ပျက်ရှုလိုက်ရင် မရဘူးလား. . . (ရပါတယ်)၊ အကောင်းအဆိုး ဝေဖန်နေတာကို ဖြစ်ပျက်ရှုလိုက်ရင်ကော . . . (ရပါတယ်)၊ အဲတော့ မြင်စိတ် ဖြစ်ပျက်ရှုလည်းရတယ်၊ အကောင်းအဆိုး ဝေဖန်တဲ့ ဝေဒနာဖြစ်ပျက်ရှုလည်းရတယ် . . . (ရပါတယ်ဘုရား)။

မြင်စိတ်ဖြစ်ပျက်ရှုလည်းရတယ်၊ဝေဒနာဖြစ်ပျက်ရှု လည်းရတယ်၊ ဖြစ်ပျက်ရတာချည်းပဲဆိုတာ သေချာကြပလား (သေချာပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်မြင်စိတ်ကလေးကို ဖြစ်ပျက်ရှုတယ် ဖြစ်ပျက်ကရှေ့က ရှုတဲ့မဂ်က နောက်က ခန္ဓာကိုယ်ထဲမှာလေ (မှန်ပါ)။

မြင်စိတ်ကလေးက မျက်လုံးမှာ ရှုတာက ဟာဒယ ဝတ္ထုပေါ်ကနေပြီး မနောဒွါရကနေပြီး မဂ်ကလေးမလာဘူး လား (လာပါတယ်) ဝိပဿနာမဂ်ကလေးလာတယ်။

ဒါဖြင့်ဖြစ်ပျက်နဲ့ မဂ်ဟာ သဘောကျသွားတယ်၊ မြင် စိတ်ကလေးက (ဖြစ်ပျက်) ရှုတာကလေးက (မဂ်)၊ မဂ်

www.dhammadownload.com



ကလေးလာတော့ ခုနက အကောင်းအဆိုးဝေဖန်တဲ့ ဝေဒနာလာသေးလား . . . (မလာပါဘူး)။

ဝေဒနာနောက်က လိုက်တဲ့တဏှာကော (မလာပါ) ဝေဒနာနောက်က ပစ္စယာလေးတွေအကြောင်းဆက်လို့မှ မရတော့ တဏှာလာစရာမြင်သေးရဲ့လား . . . (မမြင်ပါဘုရား) တဏှာမလာတော့ ဥပါဒါန်ကော (မလာပါ) မလာတော့ ကံကော (မလာပါ)။

## ကိလေသာကံတွေဖြတ်တယ်

ဟာဒါဖြင့်ဖြစ်ပျက်ရှုတဲ့ မဂ်သည် ကိလေသာကံတွေ ဖြတ်တယ် (မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ် . . . (ကိလေသာကံတွေဖြတ်ပါတယ်ဘုရား) ဒါဖြင့် ကိလေသာနှစ်ခုက ကိလေသ ဝဋ်၊ တဏှာ၊ ဥပါဒါန်က ကိလေသဝဋ်၊ အဲဒါလည်း ဦးဘဲ့ရှင်း ဖြတ်လိုက်တာမြင်ပလား . . . (မြင်ပါတယ်) မြင်စိတ် ဖြစ်ပျက်ရှုလိုက်တာကိုး။

တဏှာ ဥပါဒါန်တည်းဟူသော ကိလေသာဝဋ်လာနိုင်သေးလား (မလာနိုင်ပါ) ခုနက ကာယကံ၊ ဝစီကံကော မြောက်သေးရဲ့လား (မမြောက်ပါဘုရား) ကဲဒါဖြင့် ကမ္မဝဋ်လည်းဖြတ်တယ်၊ သဘောကျပလား (ကျပါပြီ)၊ ကမ္မဝဋ်ဖြတ်တော့ နောက်ဘဝပဋိသန္ဓေနေဖို့ ဝိပါကဝဋ်ကကော . . . (ဖြတ်ပါတယ်ဘုရား)။

www.dhammadownload.com



## ဝိပဿနာအရှုခိုင်းတာဝင်ဖြစ်ခိုင်းတာ

ဩော်-ဒါဖြင့် ဝိပဿနာအရှုခိုင်းတာဝင်ဖြစ်ခိုင်းတာကိုး (မှန်ပါ) ပေါ်ပြီ၊ ဦးခင်မောင်ရေ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဝိပဿနာရှုခိုင်းတာဘာပါလိမ့် . . . (ဝဋ်ဖြတ်ခိုင်းတာပါဘုရား)။

ဒီမှာ ကြည့် ကိလေသဝဋ်ကစဖြတ်တယ်၊ မြင်စိတ် ရှုတော့လဲ ကိလေသဝဋ်ကဖြတ်တာပဲ၊ အကောင်းအဆိုးဝေဖန်တာလေးရှုလိုက်ပြန်ကော (ဖြတ်ပါတယ်) ကိလေသဝဋ်ကစပြီး ကမ္မဝဋ်ကကော (ဖြတ်ပါတယ်) နောက်ခန္ဓာအကျိုးပေးဝိပါကဆိုတဲ့ဇာတိကကော . . . (ဖြတ်ပါတယ်)။

ဩော်-ဒါဖြင့် ဝိပဿနာရှုကြ၊ ရှုကြဆိုတာကိုယ့်ဝဋ်ကိုယ်အဖြတ်ခိုင်းတာကိုး (မှန်ပါ) ဘယ်နှယ်ဆိုကြမယ် . . . (ကိုယ့်ဝဋ်ကိုယ်အဖြတ်ခိုင်းတာပါ) နို့မို့ဒီအစဉ်တန်းကြီးက ကိလေသဝဋ်ပြီးရင် ကမ္မဝဋ်က (လာမှာပါ) ကမ္မဝဋ်ပြီးရင် (ဝိပါကဝဋ်) ဝိပါကဝဋ်ကမလာပေဘူးလား . . (လာမှာပါဘုရား)။

## သနားလွန်းလို့တိုက်တွန်းနေတာ

ဒါသူများပြောလားကိုယ့်သန္တာန်ဖြစ်စဉ်ကိုက်လား၊ (ကိုယ့်သန္တာန်ဖြစ်စဉ်ကိုက်ပါဘုရား) ဒါဖြင့် လုပ်ရမှာလားမလုပ်ရမှာလား . . . (လုပ်ရမှာပါ) နောက်က - ဒကာ

www.dhammadownload.com



ဒကာမတို့ . . . (လုပ်ရမှာပါဘုရား) လုပ်ရမှာပဲဆိုတော့ သေချာပလား . . . (သေချာပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက သူ့ဝိပဿနာကြီး ဒီလောက်တောင် တိုက်တွန်းနေရပါလိမ့် သူ့ဒကာ ဒကာမ တွေကိုလို့ ဩော် သနားလို့တိုက်တွန်းတာထင်ပါရဲ့ ခင်ဗျားတို့ တွေးလိုက် လို့ရှိရင်လည်း ဘုန်းကြီးက ကျေနပ်ပါတယ်။

ခင်ဗျားတို့က သနားစရာလုပ်နေတာကိုး၊ ကိလေသ ဝဋ်လည်း မဖြတ်ဘူး ကိုစောမောင်၊ ကမ္မဝဋ်ကော . . . (မဖြတ်ပါ) ဝိပါက ဝဋ်ကော (မပြတ်ပါ) အဲတော့ ဝဋ်သမား ကြီးဖြစ်နေတယ်၊ မဟုတ်ဘူးလား၊ ဝဋ်သုံးပါးလွယ်သလို ဖြစ်နေတာ၊ သဘောကျပလား. . .(ကျပါပြီ) အဲဒါသနား လို့ပြောတာဆိုတာလည်း မပေါ်သေးလား (ပေါ်ပါတယ်)။

## ဘုရားဟောတာ ကရုဏာနှင့်ပညာပါတယ်

ဘုရားဟောတော်မူတာသည် ဘယ်တော့မှ ကရုဏာ နဲ့ ပညာမကင်းဘူးဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ပညာက ခင်ဗျားတို့နားလည်မှုပညာရှင်းပလား၊ ကရုဏာက ခင်ဗျားတို့ ဝဋ်ထဲလည်နေမှာစိုးလို့ . . . (မှန်ပါ့) ဒါဖြင့်

www.dhammadownload.com



ကရုဏာနဲ့ ပညာကင်းရဲ့လား . . . (မကင်းပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် အခုဘုန်းကြီးတို့ ဟောနေတာဘာနဲ့ဟောနေပါလိမ့် ကိုစောမောင် . . . (ကရုဏာနဲ့ ပညာနဲ့ ဟောနေပါတယ်) ပညာမပါလို့ရှိရင်လည်း ဒီအကြောင်းကို လွယ်အောင် မပြောနိုင်တော့ဘူး၊ ကရုဏာမပါလို့ရှိရင်လည်း အပိုပဲ ခင်ဗျားတို့ကို တစ်နာရီ၊ တစ်နာရီ အချိန်ပေးနေစရာ မလိုတော့ဘူး လိုသေးရဲ့လား . . . (မလိုတော့ပါဘုရား)။

## ပညာမပါရင် အလကားအော်နေသလိုပဲ

ဘာနဲ့ဟောနေပါလိမ့် (ကရုဏာနဲ့ပညာနဲ့ဟောနေတာပါ) ပညာမပါတဲ့လူကထ,ပြောတော့ အလကားအော်နေသလိုဖြစ်မှာပဲ (မှန်ပါ)

ကရုဏာမပါပဲနေပြန်လို့ရှိရင်လည်း ခင်ဗျားတို့မှာ ဘာမှကျေးဇူးများမယ်မဟုတ်ဘူး၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒါဖြင့်ဘာနဲ့ဟောနေပါလိမ့် . . (ကရုဏာနဲ့ပညာနဲ့ပါဘုရား)

ကိုင်းဒါဖြင့်ဆရာ့တာဝန်က ဒီနှစ်ခုပေါ့ဗျာ၊ ခင်ဗျားတို့ တာဝန်ကဘာတွေတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ကိုယ့်

www.dhammadownload.com



ကိုယ်ကိုယ်သနားတဲ့ ကရုဏာကလေးထည့်ပေးပါ သဘောကျပလား (ကျပါပြီ)

ဘုန်းကြီးပြောတဲ့ဥစ္စာကို ခင်ဗျားတို့ကလည်း ပညာနဲ့မှတ်ပါ၊ သဘောကျပလား . . . (ကျပါပြီ)၊ ခင်ဗျားတို့ကလည်း ပညာကော ကိုယ့်ကိုကိုယ်သနားတဲ့ကရုဏာရော နှစ်ခုပေါင်းနာပါ။

## ဘာနဲ့တရားနာကြမလဲ

ဘာနဲ့နာကြမလဲ (ပညာကော၊ ကိုယ့်ကိုကိုယ်သနားတဲ့ကရုဏာရော နှစ်ခုပေါင်းနာရပါ့မယ်)၊ အဲတော့-မှတ်ရမည့်ပညာကလည်းရှိသေးတယ်၊ ဒီနှစ်ခုမပါလို့ရှိရင်လည်း ခင်ဗျားတို့မှာလည်းခက်တာပဲ။

ဘုန်းကြီးတို့မှာလည်း ကရုဏာပညာမပါလည်း ခက်တာပဲ၊ ခင်ဗျားတို့လည်း ကိုယ့်ကိုယ်ကိုယ်သနားတဲ့ ကရုဏာ မပါ၊ မှတ်တတ်တဲ့ထိုးထွင်းသိတဲ့ ပြောလိုက်တိုင်းသိတဲ့ ပညာက မပါဘူးဆိုရင်လည်း ခင်ဗျားတို့ကုသိုလ်တော့ရပါရဲ့ နိဗ္ဗာန်မရဘူး . . . (မှန်ပါ) ဘယ်လိုဆိုမလဲ (ကုသိုလ်တော့ရပါရဲ့ နိဗ္ဗာန်တော့မရပါဘုရား)။

www.dhammadownload.com



## ဖားတရားဖြင့်မနာကြပါနဲ့

ဘာ့ကြောင့်လဲဖားတရားနာတာကိုး၊ ဖားတရားနာတယ်၊ ဖားနတ်သားတော့မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်) အဲတော့ခင်ဗျားတို့ဖားတရားနာသလိုဖြစ်နေတယ်၊ ဖားတရားကသူတရားတော်သံပဲလို့သိတယ်၊ အဲသလိုသူ တရားသံပဲလို့သိတာနဲ့စုတေမနေသေတာနဲ့ ဖားနတ်သားသွားဖြစ်တယ်။

ကိုစောမောင် ခင်ဗျားတို့က ဖားတရားလား၊ လူတရားလား (လူတရားပါဘုရား) တော်တော်သေးတယ်၊ တော်တော်သေးတယ်နော်၊ ဒကာ ဒကာမတို့ ဖားတရားတော့ဖြင့် မနာပါနဲ့နော်၊ ဘာတရားနာကြမယ် . . . (လူတရားနာပါမယ်ဘုရား)။

အဲ-လူလုပ်ပြီးတော့ တရားနာကြပါ ဖားတရားဖြင့်လုပ်မနေပါနဲ့၊ ကျုပ်တရားနာချည့်ဦးမယ်၊ ဘုန်းကြီးဘုရားကဟောနေတယ်၊ကုသိုလ်ဖြစ်အောင်ဆိုလို့ရှိရင် ဖားတရားနာတာ မောင်နိုင်ရိုပ်မိပလား၊ ဖားတရားနာတော့ ဒကာ ဒကာမတွေ သုဂတိတော့မရောက်ဘူးလား . . . (ရောက်ပါတယ်)။

အခုတော့ ဖားစိတ်ထားပြီးတော့ မနာပဲနဲ့ လူစိတ်ထားပြီးတော့နာပါဆိုတာကိုလည်း သေသေချာချာပြောတယ်၊ ကိုစောမောင် ကျေနပ်ပလား (ကျေနပ်ပါပြီ)။

www.dhammadownload.com



တရားနာမှုကိုက လိုသေးတယ်၊ ခင်ဗျားတို့ ဦးဘရှင်းတို့ ဟိုတုန်းက ပြောခဲ့တယ်၊ တရားနာကုသိုလ်ဖြစ်တာပေါ့ကွ၊ ဒါခင်ဗျားတို့ကိုယ်တိုင်အကြီးအကျယ်မသုံးဘူးလား . . . (သုံးပါတယ်) သူနားမလည်လည်၊ နှလုံးမသွင်းသွင်း။ ကုသိုလ်တော့ဖြစ်ပါတယ်၊ သွားကြကွတဲ့၊ ဒါဖားနည်းသုံးတာပဲ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

လူနည်းပါရဲ့လား (မပါပါဘူး) ကိုစောမောင်ရေ ကျေနပ်ပလား (ကျေနပ်ပါတယ်) ကိုင်းဒါဖြင့် လူအဖြစ်နဲ့ နာမလား၊ ဖားအဖြစ်နဲ့နာ မလား၊ (လူအဖြစ်နဲ့နာပါမယ် ဘုရား) ဒါသေချာမှတ်နော် လူအဖြစ်နဲ့ နာကြပါဆိုတာ ရှင်းပြနေတယ်။

ကိုင်းဒါဖြင့် ရှုစရာ ဖဿကသူ - အစဉ်တန်းနေတဲ့ တစ်ခုဖြစ်ပြီး တစ်ခုပျက်တဲ့အတန်းတွေ ဉာဏ်ထဲမှာ အခု ဖားလိုမဟုတ်တော့ဘူး၊ လူလိုမှတ်မိပလား . . . (မှတ်မိပါပြီ)။

## ဒွါရခြောက်ပေါက်မှာရှုစရာတွေ

ဖားကဘယ်လိုပြောပြော မှတ်မိတာမှမဟုတ်ဘဲ ဦးဘအောင်ကြီး ရိပ်မိပြီနော် (ရိပ်မိပါပြီ)၊ ကိုင်းဒါဖြင့် ရှုစရာ ဒွါရခြောက်ပေါက်ကရှု၊ သဘောကျပလား (ကျပါပြီ) ဒွါရ

www.dhammadownload.com



(၆)ပေါက်မှာ ရှုစရာတွေတန်းတန်းပြီးရှိနေတယ်ဆိုတာတော့ တစ်ခုဖြစ်ပြီးတစ်ခုပျက်နေတယ်ဆိုတာ မောင်နိုင်ရှင်းပြီနော် (ရှင်းပါပြီ)။

မြင်တဲ့စိတ်ကလေးကိုပဲ စဉ်းစားပါစို့ ကိုစောမောင်၊ ကဲ မြင်တဲ့စိတ်ကလေးကိုပဲ ဦးဘရှင်းက သားကလေးမြင်မြင် သမီးကလေးမြင်မြင် ကိုယ့်အိမ်ကပစ္စည်းမြင်မြင်၊ ကျောက် မြင်မြင်၊ ဦးဘရှင်း ဘာလုပ်မလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)။

## ရှုတဲ့အခိုက်မှာမဂ်ပုဂ္ဂိုလ်

အင်းဒါဖြင့်မြင်တဲ့စိတ်ကတော့ မြင်တဲ့စိတ်ကို ကိုယ့်မနောကနေပြီးဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ မြင်တဲ့ စိတ်က ဖြစ်ပျက်၊ ရှုတာကမဂ်ဖြစ်တယ်၊ မဂ်ဖြစ်သွားတော့ ရှုနေတဲ့အခိုက်အတန့်မှာ ဒီပုဂ္ဂိုလ်မဂ်ပုဂ္ဂိုလ်၊ ကိုစောမောင် မဂ်နဲ့ အသက်ရှင်နေတယ်၊ ဘာနဲ့အသက်ရှင်နေလဲ (မဂ်နဲ့ အသက်ရှင်နေတယ်) နောက်က ဒကာ ဒကာမတွေနဲ့ ဘာနဲ့ အသက်ရှင်နေလဲ (မဂ်နဲ့အသက်ရှင်နေပါတယ်)။

မဂ်နဲ့အသက်ရှင်နေတယ် ကိုစောမောင် ဒါလိမ်ပြော တာလား၊ အဟုတ်ပဲလား . . . (အဟုတ်ပါဘုရား) ဝိပဿနာ အရှုခံလေးနဲ့ ဝိပဿနာမဂ်နဲ့ ရှင်နေတာပဲ၊ ဒါသက်ကောင်း

www.dhammadownload.com



ရှင်နေတာ (မှန်ပါ) သက်ကောင်းရှင်လို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

ကောင်းပြီ ဒါဖြင့်ဒီလိုတွေ့နေတော့ကိုတဲ့ သူဟာ ဒီမင်္ဂနဲ့ အသက်ရှင်နေတာ၊ သေချာပါပြီတဲ့၊ သေချာတော့ကိုး ဒကာ ဒကာမတွေ ရှေ့နားမှာ ခန္ဓာရှိသလား၊ ခန္ဓာမရှိဘူး လားတဲ့၊ မင်္ဂရှေ့နားမှာ ခန္ဓာရှိသေးသလား၊ ခန္ဓာမရှိတော့ ဘူးလားမေးရင် ဘယ့်နှယ်ဖြေမလဲ . . . (မရှိတော့ပါဘုရား) မရှိတော့ဘူး။

ရှုပြီးပြီကော သူဟာ အနိစ္စလိုဆိုတော့ ဖြစ်ပြီး ပျက်သွားပြီး ခန္ဓာရှိသေးရဲ့လား (မရှိတော့ပါဘူး) သဘောပါ လား (ပါ ပါပြီ) ခန္ဓာမရှိတော့ဘူးနော် မောင်နိုင်ရှိသေးရဲ့လား (မရှိ တော့ပါဘုရား)။

## ခန္ဓာစွန့်တယ်ဆိုတာ ဒါကိုပြောတာ

အဲ-ခန္ဓာရှုလိုက်တော့ ဝိညာဏက္ခန္ဓာကို မောင်နိုင် တို့က ရှုလိုက်ပြီကော၊ ရှုလိုက်တော့ ဘယ်ဝိညာဏ်နဲ့ အသက် ရှင်နေတယ်လို့ဆိုစရာမလိုတော့ဘူး၊ ကိုစောမောင် မင်္ဂနဲ့ အသက်ရှင်နေတယ်လို့ . . . (ဆိုစရာမလိုတော့ပါဘူး)

www.dhammadownload.com



ဘယ်သူနဲ့ အသက်ရှင်သလဲ (ဉာဏ်နဲ့အသက်ရှင်ပါတယ်) ကိုင်း ဒါ မြင်စိတ်နဲ့အသက်ရှင်တာမဟုတ်တော့ဘူး၊ ခန္ဓာရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

ကိုင်း ဝိပဿနာရှုတာသည် ခင်ဗျားတို့ သေသေချာချာမှတ်ပါ။ခန္ဓာစွန့်တယ်ဆိုတာ ဒါပြောတာ၊ ကိုစောမောင်ခန္ဓာရှိသေးရဲ့လား (မရှိပါဘူး) မြင်စိတ်ကလေး ရှိသေးရဲ့လား . . . မရှိပါဘူး။

မြင်စိတ်နဲ့ အသက်ရှင်တဲ့သဘော ဘယ်လိုကြည့်ကြည့် မရှိဘူး၊ ရှိကြရဲ့လား (မရှိပါဘူး) အဲခန္ဓာစွန့်တယ်ဆိုတာပေါ်ပလား . . . (ပေါ်ပါပြီ)။

နောက်ကမြင်စိတ်ရှုလိုက်တဲ့အတွက် ဝေဒနာ၊ တဏှာ၊ ဥပါဒါန်တွေကိုစောမောင် (မလာပါဘုရား) ဒါဖြင့်ကိလေသာလဲစွန့်တယ် (မှန်ပါ) ခန္ဓာကော (စွန့်ပါတယ်) နောက်ကလာမည့်ကိလေသာကော. . (စွန့်ပါတယ်) လာကိုလာခွင့်ပေးသေးရဲ့လား (မပေးပါ) ဒါဖြင့် ဝိပဿနာမဂ်သည် ခန္ဓာကိုစွန့်၍ ကိလေသာကိုလည်းစွန့်ပါသည်။ (မှန်ပါ)

ကိုစောမောင် ခန္ဓာစွန့်တယ်ဆိုကတည်းကို က ခန္ဓာမရှိရင် ဒိဋ္ဌိပြုတ်တယ်၊ ရှင်းပလား (ရှင်းပါပြီ) ခန္ဓာမရှိတော့ ဒိဋ္ဌိစွဲဖြစ်ပြီးပျက်သွားလေသည်လို့သိလိုက်ကတည်းက

www.dhammadownload.com



ငါသူတစ်ပါးယောကျာ်းမိန်းမလို့ ထင်သေးသလား၊ (မထင်ပါဘုရား) ခန္ဓာစွန့်လိုက်လို့ ဒိဋ္ဌိပြုတ်တယ်၊ သဘောပါလား (ပါပါတယ်)။

နောက်ကသိလိုက်တဲ့ဉာဏ်လေးက၊ ကိလေသဝဋ်ကမ္မဝဋ်တွေကိုမဖြတ်လိုက်ဘူးလား ဖြတ်လိုက်ပါတယ် အင်း ဒါဖြင့် ခန္ဓာစွန့်ကိလေသာစွန့်ပေါ့ဗျာ။

## ဝိပဿနာသည်၊ ဒိဋ္ဌိပြုတ်တယ်လို့မှတ်ပါ

ကိလေသာစွန့်ဆိုကတည်းက ကိလေသဝဋ်၊ ကမ္မဝဋ်ဝိပါကဝဋ်တွေကော မပါသေးဘူးလား. . . (ပါပါတယ်ဘုရား) အဲ့ဒါဖြင့် ဒို့လုပ်တဲ့ ဝိပဿနာသည် ခန္ဓာလည်းစွန့်၊ ခန္ဓာစွန့်တယ်ဆိုတော့ ဒိဋ္ဌိပြုတ်ပြီ၊ မှတ်ထားစမ်းမောင်နိုင်၊

ခန္ဓာစွန့်တယ်ဆိုတော့. . . (ဒိဋ္ဌိပြုတ်ပါပြီ) ငါသူတစ်ပါးယောကျာ်းမိန်းမရှိသေးရဲ့လား (မရှိပါဘုရား) ဒိဋ္ဌိပြုတ်သွားပြီ သဘောကျပလား (ကျပါပြီ)

မဂ်ကလဲ ဒိဋ္ဌိပြုတ်သွားတဲ့ မဂ်ကလေးက၊ မဂ်နဲ့ပဲ အသက်ရှင်နေတဲ့အတွက် ဦးဘရှင်းကိလေသာတွေလာသေးလား. . . (မလာပါဘုရား) တဏှာဥပါဒါန်ကံတွေ. . . (မလာပါ) မလာဘူးဆိုတော့ ရှင်းပလား ကိုစောမောင် (ရှင်းပါတယ်)။

www.dhammadownload.com



ကိလေသာကောခင်ဗျားတို့မဂ်က၊ ဝိပဿနာမဂ်က စွန့်ပါတယ် ခန္ဓာကော (စွန့်ပါတယ်) သဘောကျပလား (ကျပါပြီ) ကိလေသာစွန့်. . . (ခန္ဓာစွန့်ပါတယ်) ကိုင်း ကိုစောမောင် ကျေးဇူးများပုံ ပေါ်ကြပလား. . . (ပေါ်ပါပြီ)

ကိလေသာလည်း (စွန့်ပါတယ်) ခန္ဓာလည်း (စွန့်ပါတယ်) ဒါဖြင့် ဒီအချိန်မှာ ကိလေသာမရှိပဲနဲ့ ခင်ဗျားတို့ ဝိပဿနာနဲ့သေသွားမယ်၊ ဝိပဿနာရှုရင်း သေသွားတယ် ဆိုကြပါစို့။

မောင်နိုင် ကိုယ့်ခန္ဓာလည်း ဒိဋ္ဌိပြုတ်သွားပြီ၊ ဟိုဘက် နောက်ဘဝအကျိုးပေးစရာကော. . . (မရှိပါဘုရား)။ အကယ်၍ ဝိပဿနာမဆုံးခင်သေသွားလို့ရှိရင်လည်း သုဂတိ ပဲအကျိုးပေးမယ် (မှန်ပါ့) ပေးသည်နှင့်တစ်ပြိုင်နက်တည်း သုဂတိရောက်သည်နှင့် တစ်ပြိုင်နက်တည်းသောတာပန် တည်ရမယ်။

ကိုစောမောင် ဝိပဿနာသည် ရှုနေတဲ့ဇောနဲ့ ဟိုမှာ ပဋိသန္ဓေနေတာနဲ့ဟာ ကပ်မနေဘူးလား (နေပါတယ်ဘုရား) ကပ်နေတော့ ဒီတရားတွေဟာ အကုန်သွားပေါ်တာပဲ၊ ပေါ်သည်နှင့်တစ်ပြိုင်နက်တည်း နတ်ပြည်ရောက်တာက နှေးသေးတယ် သောတာပန်တည်တာက စောနေတယ်။

ဘယ်လောက်ထိအောင် ကျေးဇူးများတယ်ဆိုတာ

www.dhammadownload.com



ဝိပဿနာမဂ်ကလေးပေါ်ကြပလား. . . (ပေါ်ပါပြီ) ဘြော် ဒါကြောင့် အချည်းနှီးမဖြစ်ဘူးဆိုတာကော ရှင်းရှင်း လင်းလင်း သိကြပလား. . . (သိပါပြီဘုရား)

## ဝိပဿနာမဂ်သည်သုဂတိပို့သည်

ဒါဖြင့် ဝိပဿနာရှုလိုက်ခြင်းသည် ခန္ဓာစွန့်လို့ ဒိဋ္ဌိ ပြုတ်တယ်နောက်ထပ်ကိလေသာမလှာသောကြောင့် ကိလေ သာသေသောကြောင့်လည်း အပါယ်လေးပါး မသွားဘူး၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

ဝိပဿနာမဂ်သည် သုဂတိမှတစ်ပါး ဘယ်မှမသွား ဘူး၊ ပေါ်ကြပလား (ပေါ်ပါပြီ) မဂ်စစ်ကို မဟောသေးပါဘူး တဲ့၊ ဝိပဿနာမဂ်ကိုသာ ဟောပါတယ်၊ မဂ်စစ်ကို မဟော သေးပါဘူး။

အယံပိ ဝိပဿနာ-ဤဝိပဿနာသည်တဲ့ ဝိသုဒ္ဓိမဂ် ဆရာက၊ အယံပိဝိပဿနာ၊ ခန္ဓာအဘိသင်္ခါရေဟိပဋိစ္စဝ သီတဲ့ -

ခန္ဓာနဲ့ အဘိသင်္ခါရနဲ့ကို ဖြေရှင်းလိုက်ပါတယ်ကွာတဲ့၊

ခန္ဓာရှိနေရင်လည်း ဒိဋ္ဌိလာဦးမှာကိုး၊ နောက်ခန္ဓာ တွေလာဦးမှာကိုး၊ အခုပြနေတာ နောက်ခန္ဓာရှိရဲ့လား (မရှိပါဘူး) အနိစ္စသာရှိတယ် သဘောကျပလား (ကျပါပြီ) ခန္ဓာရှိရဲ့လား ဘာရှိသလဲ (အနိစ္စသာရှိပါတယ်)။

www.dhammadownload.com



ဒါဖြင့် ခန္ဓာစွန့်ပြီး အနိစ္စနဲ့တွေ့နေတယ်၊ သဘော ကျပလား (ကျပါပြီ) ဒါဖြင့် ခန္ဓာစွန့်သောကြောင့် ကိုစောမောင် ဘာဖြစ်ချင်လဲ (မဖြစ်ချင်ပါဘူး) ဒိဋ္ဌိပြုတ် သွားတယ် မောင်နိုင် ရှင်းပလား (ရှင်းပါပြီ) ပြုတ်စရာတွေ ရှိသေးရဲ့လား . . (မရှိပါဘူး)

ဒိဋ္ဌိခိုစရာအကွက်ပါသေးရဲ့လား (မပါပါဘူး) အေး ဒါကြောင့် ကြိုးစားလုပ်ကြ၊ ကြိုးစားလုပ်ကြဆိုတာ တိုက်တွန်း ရမှာလား မတိုက်တွန်းရမှာလား (တိုက်တွန်းရမှာပါဘုရား)။

ဒိဋ္ဌိရှိနေသေးလို့ရှိရင်လည်း ဦးဘရှင်းဘယ်ကောင်း မလည်း၊ ဒါဝိပဿနာတွေရှုတဲ့ပုဂ္ဂိုလ်နှော့၊ ဘယ်နှချက်စွန့် ပါလိမ့် . (နှစ်ချက်စွန့်ပါတယ်) ရှေ့ကခန္ဓာစွန့်တယ် (မှန်ပါ) နောက်ကကိလေသာစွန့်တယ် (မှန်ပါ)။

ရှေ့က . (ခန္ဓာစွန့်တယ်) နောက်က . (ကိလေသာ စွန့်ပါတယ်) ကိလေသာစွန့်တယ်ဆိုတာပေါ်ကြပလား (ပေါ်ပါပြီ)။

## ဝိပဿနာရှုရင်းသေရင်သုဂတိပဲ

ကဲဒါဖြင့် နောက်ဘဝကို မဂ်စစ်ကိုမရသေးလို့ ဝိပဿနာမဂ်နဲ့ သေသွားလို့ရှိရင်လည်း သုဂတိခန္ဓာပဲရမယ်၊ ဘာကြောင့်တုံးလို့မေးတဲ့အခါ တဏှာဥပါဒါန်အုပ်ချုပ်တဲ့ ကံမလာတော့ဘူး၊ လာသေးရဲ့လား (မလာပါဘုရား)။ သုဂတိ

www.dhammadownload.com



ရောက်ရင်လည်း သောတာပန်တည်တာက အရင်ကျမယ်ဆို တာပြောပြီးပါပြီ၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ရှုရင်းသေလည်းမမှားဘူး၊ သဘောကျပလား (ကျပါပြီ) ရှုရင်းသေလည်းသုဂတိပဲ၊ ကိုင်း. . . ဒါလောက်နဲ့ မသေချင်သေးပါဘူးဘုရား၊ ဆိုတော့မှ ဝိပဿနာ ရှု-ရှု-ရှု၊ ဒွါရခြောက်ပေါက်မှာ ရှုစရာတွေလည်း တွေ့ပြီမို့လား. . .

ကဲမြင်စိတ်ကလေး၊ နောက်ကညာဏ်လိုက်ရမှာက နည်းနည်းဝေးတယ် အကောင်းအဆိုးရွေးနေတုံး ရှုနိုင်တယ် ဒါဖြင့် အကောင်းအဆိုးရွေးနေတာက ဝေဒနာက ရွေးနေ တာ သဘောကျပလား. . . (ကျပါပြီ) အဲဒီနောက်ကနေပြီး ကိုစောမောင်က မဂ်ဖြတ်လိုက်တာ (မှန်ပါ) မရဘူးလား. . . (ရပါတယ်)။

အဲဒါဖြင့် ဝေဒနာဖြစ်ပျက်မရဘူးလား. . (ရပါတယ်) ဟော-ဝေဒနာက္ခန္ဓာဖြစ်နေတယ်၊ မဖြစ်ဘူးလား မောင်နိုင် (ဖြစ်ပါတယ်) ခုနကဝိညာဏက္ခန္ဓာဖြစ်နေတယ်၊ အခုတော့ ဘာဖြစ်နေလည်း၊ ဝေဒနာက္ခန္ဓာဖြစ်နေတယ်၊ ဒါကြောင့် ခန္ဓာစွန့်တယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်)။

နောက်ကတဏှာကောလာနိုင်သေးရဲ့လား. . . (မလာနိုင်ပါ) ဒါဖြင့် ဥပါဒါန်သည် ကိုစောမောင် ဘာဖြစ် နေသလဲ. . . (ခန္ဓာစွန့်ပါတယ်) ခန္ဓာစွန့်ပြီးတော့ကော

www.dhammadownload.com



ကိလေသာဆိုတဲ့ တဏှာတွေကော. . . (စွန့်ပါတယ်) သဘောပါပလား. . . (ပါပါပြီ)

ဒါဖြင့် ဒီထက်ကျေးဇူးများစရာ အားလုံး တရားနာတဲ့ဒကာဒကာမတွေ သေသေချာချာကြည့်တော့ တွေ့သေးရဲ့လား (မတွေ့ပါဘူး) ဩော်-ဒါဖြင့် ဒကာကြီးလှိုင်အဖိုးတန်တဲ့ အချက်ပါလားဆိုတာ - မရချင်နေပါစေ ဒကာကြီးလှိုင်က အသက်အရွယ်ကြီးလို့ထား၊ လုပ်သာနေ၊ ခန္ဓာစွန့်ကိလေသာစွန့်တာကတော့ သေချာတယ်. . . (မှန်ပါ)

## အသက်ကြီးတော့ရတဲ့မဂ်နဲ့ကျေနပ်လိုက်ပါ

ဒကာကြီးလှိုင်က အသက်အရွယ်ကလည်း ကြီးတော့ ဒီဥစ္စာတပည့်တော်လုပ်သာနေရတယ် မဂ်များ ဘယ်တော့ရမလဲ ဩော်ရတဲ့ မဂ်နဲ့ ကျေနပ်လိုက် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) မောင်နိုင်ဘာတဲ့လည်း. . . (ရတဲ့မဂ်နဲ့ ကျေနပ်ရပါမယ်ဘုရား)။ ဒီတော့ ကိုယ်ဟာကိုရရမှာကို အဲတော့ ရတဲ့မဂ်နဲ့ ကျေနပ်လိုက်တာပေါ့ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ကိုင်းတစ်ခါတပည့်တော်တို့နောက်က ဒကာဒကာမတွေကလည်း အသက်ကလည်းငယ်သေးတော့၊ အခုကတည်းက ဒီလောကနဲ့ မကျေနပ်သေးဘူး၊ ဒါလဲရှိဦးမှာပေါ့ (ရှိပါတယ်ဘုရား) မရှိပေဘူးလား (ရှိပါတယ်)။

www.dhammadownload.com



## မင်္ဂစဉ်ရအောင်ဒီလိုလုပ်ပါ

ကဲ-မဂ်စစ်ရအောင် တစ်ခါလုပ်မယ်ဆိုတော့ ဒီလိုလုပ်ပါတဲ့ . . . မဂ်စစ်ရအောင် လုပ်မယ်ဆိုတော့ မောင်နိုင်ရေ မြင်စိတ်ကလေးရှုလိုက်ဝေါ့ကွာ၊ ကြားစိတ်လာလည်း . . . (ရှုရပါမယ်) အင်း၊ နံစိတ်လာလည်း (ရှုရပါမယ်) စားစိတ်လာလည်း (ရှုရပါမယ်) ယားစိတ်၊ ယံစိတ်လာလည်း . . . (ရှုရပါမယ်) ရှုရမှာပဲတဲ့။

ကြံစိတ်၊ စည်စိတ်တွေ၊ လောဘ၊ ဒေါသ၊ မောဟ၊ အဒေါသ၊ အလောဘ၊ လာလည်း ရှုရမှာပဲ - ရှုလိုက်တဲ့အခါကျတော့ အကုန်လာသ၍ ဖြစ်ပျက်တွေ သိနေတော့ ကိုစောမောင်ရေ - ယထာဘူတဉာဏ်ရသွားတယ် (ရသွားပါတယ်)။

## ယထာဘူတဉာဏ်

ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်၊ ခန္ဓာထဲမှာ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာရှိတယ်ဆိုတဲ့ ဉာဏ်ကော မရပေဘူးလား . . . (ရပါတယ်) ဟုတ်တိုင်းမှန်တဲ့ဉာဏ်ရသွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက စိတ်ဖြစ်ပျက်ကိုဖြင့် ငြီးငွေ့အောင်ရှုလိုက်ကြတာပေါ့ (မှန်ပါ့ဘုရား)။

အဲ ယထာဘူတဉာဏ် ရပြီးသွားလို့ရှိရင်ဖြင့် "ဝေမေ့တဲ

www.dhammadownload.com



ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ"

ဆိုတော့ ဒကာ ဒကာမတွေက ဒီစိတ်ဖြစ်ပျက်ကိုငြီးငွေ့အောင် ရှုလိုက်တာပေါ့ (မှန်ပါ) ကိုစောမောင် ဖြစ်ပျက်တွေ မြင်ရဖန်များရင်၊ဘယ့်နှယ်ဖြစ်မလဲ. . . (ငြီးငွေ့ပါတယ်ဘုရား)။

## နိဗ္ဗိန္ဒာဉာဏ်

ငြီးငွေ့တဲ့ဉာဏ်ရအောင်ရှုပြီးသကာလ နေလိုက်တော့၊ ဒါ နိဗ္ဗိန္ဒာဉာဏ်တက်သွားပြီ။

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ" နိဗ္ဗိန္ဒံ - ငြီးငွေ့ပြီးသည်ရှိသော် ဝိရဇ္ဇတိ - မဂ် ပေါ်လာ၏။

ဝိရဇ္ဇတီတိမဂ္ဂေါလို့ အဋ္ဌကထာဆရာများ ဖွင့်သောကြောင့်၊ ဒီဝိညာဏက္ခန္ဓာဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာအစစ်ပဲလို့ ဆုံးဖြတ်ချက်ချလိုက်လို့ရှိရင် ဖျပ်, ဆို ချုပ်သွားပြီး ကိုစောမောင် နိဗ္ဗာန်ပေါ်လာတယ်၊ မဂ်ပေါ်မလာဘူးလား . . (ပေါ်လာပါတယ်ဘုရား)။

## မဂ်ဉာဏ်

ကိုစောမောင် အဲတော့ ဒီမဂ်ပေါ်လာတော့ကို ရှေ့မှာ ခန္ဓာကောရှိသေးရဲ့လား (မရှိပါဘူး) ခန္ဓာလည်း မရှိဘူး၊

www.dhammadownload.com



နောက်ကကိလေသာကော (မရှိပါ) အင်း ဒီဉာဏ်ကလည်း ကိုစောမောင်ရေ ချုပ်သွားတော့ကို ၎င်းပိုင်းချုပ်လည်းသွားပါ ရော ချုပ်တဲ့နိဗ္ဗာန်ဘက်ကို သူ မလှည့်ဘူးလား (လှည့်ပါတယ်)။

ဒါဖြင့် တကယ့်လောကုတ္တရာ၊ သောတာပတ္တိမဂ်က တော့ ဒကာ ဒကာမတို့ရှေ့က ခန္ဓာလည်းစွန့်၊ နိဗ္ဗာန်ဘက်ကို လည်း လှည့်တယ်၊ နောက်က၊ ကိလေသာလည်းသေစေတယ်၊ သူက သုံးချက်၊ ကိုစောမောင် ခုနကနဲ့တူသေးသလား . . . (မတူပါ ဘုရား)။

## ဉာဏ်ကနိဗ္ဗာန်ပြေးဝင်တယ်

ကိလေသာစွန့်၊ ခန္ဓာစွန့်ပြီး ဒီဉာဏ်နိဗ္ဗာန်ဘက်ပြေး ဝင်သွားတယ် မောင်နိုင် မှတ်မိပလား . . . (မှတ်မိပါပြီ) ဘာတဲ့ လည်း (ကိလေသာစွန့် ခန္ဓာစွန့်ပြီး ဉာဏ်က နိဗ္ဗာန်ဘက် ပြေး ဝင်သွားပါတယ်) သူကသုံးချက် (မှန်ပါ့)

ခုနက ဝိပဿနာ မဂ်က နှစ်ချက် ကိလေသာနဲ့ ခန္ဓာ သာစွန့်တယ်၊ အခုသောတာပတ္တိမဂ်ကတော့ဘာတဲ့၊ (ခန္ဓာစွန့်၊ ကိလေသာစွန့် နိဗ္ဗာန် ပြေးဝင်ပါတယ်) ကိလေသာစွန့်. . . (ခန္ဓာစွန့်) နိဗ္ဗာန်ဘက်ပြေးဝင်သွားတယ်၊ သဘောကျပလား (ကျပါပြီ)။

ရှေ့ကလည်း ဖြစ်ပျက်တွေရှိသေးရဲ့လား (မရှိပါ) မရှိတော့ ခန္ဓာစွန့်ပြီးသား မကျဘူးလား (ကျပါတယ်) နောက်

www.dhammadownload.com



က ကိလေသာကလည်း ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာ၊ လာသေးရဲ့လား (မလာပါ) ဒါဖြင့် ကိလေသာကော (စွန့်ပါတယ်) ကိလေသာစွန့်တာက သမ္ပယောဂနဲ့ စွန့်တာမဟုတ်ဘူး သူလာတာနဲ့ နောက်ပိုင်းက မလာပဲနေလိုက်ရတာ (မှန်ပါ)။

## ဖြစ်ပျက်မရှိတော့ နိဗ္ဗာန်ဘက်လှည့်တယ်

ဒါဖြင့် ဒီဉာဏ်တွေ ခုနကတုံးကတော့ သင်္ခါရဖြစ်ပျက်တွေ အာရုံပြုနေတာ၊ ဖြစ်ပျက်မရှိတော့ သူဘယ်လှည့်သွားသတုံးမေးရင် ဘယ့်နှယ်ပြောမလဲ. . . နိဗ္ဗာန်ဘက်လှည့်သွားပါတယ်၊ ဖြစ်ပျက်ဆုံးတဲ့ဘက်လှည့်သွားတယ်၊ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ဘက်မလှည့်ဘူးလား. . . (လှည့်ပါတယ်) ရှင်းပလား. . . (ရှင်းပါပြီ)

ဪ-ဒါဖြင့် လောကုတ္တရာ မဂ် (ဝါ) သောတာပတ္တိမဂ်ကတော့ ကိလေသာစွန့် ခန္ဓာစွန့်ပြီး နိဗ္ဗာန်ဘက်ပြေးဝင်သွားသည် ရှင်းကြပလား (ရှင်းပါပြီ) ဒါပြောဖို့ မလွယ်ပါဘူး ကိုစောမောင် လွယ်ပမလား. . . (မလွယ်ပါဘူး)။

ဒီလိုဆိုတော့ ကိုစောမောင်တို့ကလဲ စဉ်းစား၊ နောက်က ဒကာဒကာမတွေကလည်း စဉ်းစားခန်းထုတ်လိုက်တာပေါ့ ဪ ဒီမဂ်က အခုဆုံးအောင် လိုက်လိုက်လို့ သူရဲ့ ဖြစ်ပျက်တွေကို မလိုချင်ဘူး၊ ဒါတွေ ဒုက္ခသစ္စာတွေပဲလို့

www.dhammadownload.com



ပိုင်ပိုင်နိုင်နိုင် သိသွားမယ်ဆိုလို့ရှိရင် ဖြစ်ပျက်တွေဆိုတဲ့ ခန္ဓာတွေကလည်း ပျောက်သွားမယ်၊ မပျောက်ပေဘူးလား (ပျောက်ပါတယ်)။

ဉာဏ်ကလည်းဘယ်ဘက်ရောက်သွားမလဲ (နိဗ္ဗာန်ဘက်ရောက်သွားမယ်) ဖြစ်ပျက်ဆုံးတဲ့ဘက်ရောက်သွားမယ်၊ မရောက်ဘူးလား (ရောက်ပါတယ်)။

ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်မို့လား၊ အဲဒီဘက်ရောက်မသွားဘူးလား . . . (ရောက်ပါတယ်)၊ ရောက်သွားရင် မဂ်ဖြစ်နေတဲ့အတွက် နောက်ကကိလေသာကလည်း ခုနက ဝိပဿနာမဂ်ကတောင် လာခွင့်မပေးဘူးဆိုတော့ သူကလည်း လာခွင့်ပေးသေးရဲ့လား . . . (မပေးပါဘုရား) မပေးတော့ ဒိဋ္ဌိကိလေသာတွေ ဝိစိကိစ္ဆာကိလေသာတွေ ပရာမာသကိလေသာတွေ လာနိုင်သေးရဲ့လား (မလာနိုင်ပါဘုရား)။

## မိလိန္ဒပဥှာမှာလာတယ်

ဒါဖြင့်မဂ်သည် ဘာစွန့်လို့ ဘယ်ပြေးဝင်သတုံး . . . (ကိလေသာစွန့် ခန္ဓာစွန့်ပြီး နိဗ္ဗာန်ပြေးဝင်ပါတယ် ဘုရား) နိဗ္ဗာန်ဘက်ကို ဉာဏ်ကပြေးဝင်သွားတယ်၊ သေသေချာချာ မှတ်ပါ ဒါဝိပရိပဏ္ဏာသမှာ သေသေချာချာလာတယ် (မှန်ပါ့) မိလိန္ဒပဥှာမှာလည်း သေသေချာချာလာတယ်။ သဘောကျပလား (ကျပါပြီ)။

www.dhammadownload.com



ဒါဖြင့်ပြန်ပြောဦးမယ် ကိုစောမောင်နော် ဝိပဿနာမဂ်ရှိနေတဲ့ ပုဂ္ဂိုလ်များကတော့ဘာတဲ့ (ခန္ဓာနဲ့ ကိလေသာ စွန့်ပါတယ်) ခန္ဓာနဲ့ကိလေသာစွန့်တယ်နော်၊ သဘောကျပလား (ကျပါပြီ) ကိုင်း-ဒါဖြင့် ခန္ဓာလည်းစွန့် ကိလေသာလည်းစွန့် ဦးဘရှင်း ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ကဲ-တပည့်တော်ဖြင့် အဆုံးပဲလိုက်ပါတော့မယ် ဘုရား၊ ဖြစ်ပျက်ဆုံးသည့်တိုင်အောင် ရှုနေပါတော့မယ်လို့ ဆိုပြီး ရှုတယ် ကဲဆုံးသွားပြီ ကိုစောမောင်ရေ ဘယ်ဘက်ပြေးဝင်မလဲ. . . (နိဗ္ဗာန်ဘက်ပြေးဝင်မယ်ဘုရား) နိဗ္ဗာန်ဘက်ပဲ ပြေးဝင်မယ်။

အဲတော့ခင်ဗျားတို့စိတ်ဟာလည်းတဲ့ အာရုံတစ်ခုမရှိရင် နေလို့ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား) အခုနက ဖြစ်ပျက်နဲ့နေတယ် (မှန်ပါ) အခုတော့ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်နဲ့နေတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)

အဲဒါဖြင့် ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန် ဝေးသလား၊ နီးသလား မေးကြလို့ရှိရင်ဖြင့် ကိုစောမောင် ဘယ်နှယ်ဖြေမလဲ. . . (နီးပါတယ်ဘုရား)။

## နိဗ္ဗာန်မရောက်ကြတာ ဝိပဿနာမဂ်မစ,လို့

နီးရက်နဲ့ ဒကာဒကာမတွေ နိဗ္ဗာန်မရောက်ကြပါလိမ့်မလဲလို့ဆိုတော့ ဝိပဿနာ မဂ်မစ,လို့ လောကုတ္တရာမဂ်က

www.dhammadownload.com



မလာနိုင်ဘူး၊ ပေါ်ပလား (ပေါ်ပါပြီ) ဘာမဂ်မစလို့လဲ. . . (ဝိပဿနာ မဂ် မစလို့ပါဘုရား) ဝိပဿနာမဂ်မစလို့ရှိရင်ဖြင့် ဝိပဿနာမဂ်မစတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်နည်းနဲ့မှ လောကုတ္တရာ မဂ်ကို. . . (မရောက်နိုင်ပါဘုရား)

ဘာကြောင့်တုံးဆိုတော့ မောင်နိုင်စဉ်းစားလိုက်၊ အနန္တရပစ္စယော ဒကာဒကာမတွေ ရွတ်လိုက်စမ်း. . . (အနန္တရပစ္စယော) မြန်မာလိုပြန်လိုက်ပါဦး (အတားမရှိ ကျေးဇူးပြုတယ်) အတားမရှိ ကျေးဇူးပြုတယ်၊ ရှင်းပလား (ရှင်းပါပြီ)

ဝိပဿနာမဂ်က ချုပ်သွားမှလောကုတ္တရာမဂ်ပေါ်မှာ သဘောကျပလား (ကျပါပြီ) ဝိပဿနာ မဂ်ဆုံးမှ (လောကုတ္တရာမဂ်ပေါ်ပါတယ်) အဆုံးရှိသေးရဲ့လား (မရှိပါဘူး)။

ဝိပဿနာမဂ်မပါဘဲနဲ့ ဘယ်ကလာ လောကုတ္တရာ မဂ်ရမှာတုံး (မရပါဘုရား) ဒါဖြင့် ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရချင်ပါတယ်လို့ ငိုနေ. . (မရပါဘူး) တောင်းချင်တဲ့ ဆုတောင်းပြည့်ဘုရားအော်တောင်း. . . (မရပါဘူး) မရနိုင် ဘူးဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

## ဝိပဿနာမဂ်ရှေ့သွားလုပ်ရမယ်

ဒီနေ့အကြီးအကျယ်ဆုံးဖြတ်ချက်ချပေးတယ် ဆိုတာသည် အနန္တရပစ္စည်းနဲ့ချပေးတာ၊ ပေါ်ကြပလား

www.dhammadownload.com



(ပေါ်ပါပြီ)၊ အဲ့တော့ သံယုတ်အဋ္ဌကထာမှာလည်း ဒီအတိုင်း ပဲလာတာပဲ ဝိသုဒ္ဓိမဂ်မှာလည်း ဒီအတိုင်းပဲလာပါတယ် ဆိုတာ ကိုစောမောင် ရှင်းကြပလား (ရှင်းပါပြီ)

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်လိုချင်လို့ရှိရင်ဖြင့် ဝိပဿနာ မဂ်ကိုရှေ့ထားလုပ်ရမယ်၊ ဝိပဿနာမဂ်ရှေ့မထားပဲနဲ့ သောတာပတ္တိမဂ်ကြီးလိုက်လာလိမ့်မယ်ဆိုတာဖြင့် အယူမရှိ ပါနဲ့ (မှန်လှပါ) ဘယ်တော့မှ (မလာပါဘူး)

ဘာပြုလို့တုံး၊ ရှေ့ကအနန္တရပစ္စည်းရှိမှ အနန္တရ ပစ္စည်းရဲ့ ပစ္စယုပ္ပန်ကလာရမှာ (မှန်ပါ့) ဝိပဿနာမဂ်ဖြစ်မှ လောကုတ္တရာမဂ်ကလာရမှာ ဝိပဿနာမဂ်မချုပ်သရွေ့ ဘယ်တော့မှ မလာဘူး ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဝိပဿနာမဂ်ချုပ်အောင်လည်း ဝိပဿနာ ရှုမှပဲ ဝိပဿနာမဂ်ကလည်းချုပ်မှာပဲ ဒါဖြင့် ဒီနေရာမှာ ခင်ဗျားတို့ ဝိပဿနာမဂ်က အကြိမ်ဘယ်လောက် တပည့် တော်တို့ ဖွားရမှာတုံး? မေးဖို့မလိုဘူးလား. . . (လိုပါတယ်)။

## အကြိမ်ဘယ်လောက်ဖွားရမှာတုံး

လောကုတ္တရာမဂ်ကလည်း အကြိမ်ဘယ်လောက်ဖွား ရမှာတုံး မေးဖို့မလိုဘူးလား. . . (လိုပါတယ်) ဘုန်းကြီး ဒီနေ့ကျကျနနရှင်းပေးပါ့မယ်တဲ့။

www.dhammadownload.com



ဝိပဿနာမဂ်ကတော့ဖြင့် ခင်ဗျားတို့အကြိမ်များစွာ ပွားရလိမ့်မယ် (မှန်ပါ့) လောကုတ္တရာမဂ်ကတော့ တစ်ကြိမ်ပဲ သူဟာသူလာမယ် (မှန်ပါ့) နှစ်ကြိမ်မလာဘူး၊ သဘောကျပလား (ကျပါပြီ)။

"မဂ္ဂဘိညာသကိံမတာ"

လို့ဆိုထားတဲ့အတွက် မဂ်ဇောအဘိညာဏ်ဇောတွေ တစ်ကြိမ်ပဲလာတယ်။

"မဂ်ဘာဝေတဗ္ဗကိစ္စ"

လို့ဆိုတာ ဝိပဿနာမဂ်ကိုဆိုတာ ပေါ်ပလား (ပေါ်ပါပြီ) မဂ်ဟာဘာဝေတဗ္ဗကိစ္စဆိုတာ ဘယ်မဂ်ကိုဆိုတာလဲ. . . (ဝိပဿနာမဂ်ကိုဆိုတာ) လောကုတ္တရာမဂ်ကတော့ ဘယ်နှစ်ကြိမ်သာလာနိုင်လဲ. . . (တစ်ကြိမ်သာလာ နိုင်ပါတယ်) တစ်ကြိမ်သာလာတယ်။ နောက်ဘယ်တော့မှ မလာတော့ဘူး။

သောတာပတ္တိမဂ်၊ သောတပတ္တိမဂ်ဆိုပြီး တောင့်တပြီးနောက် ဘယ်တော့မှ မလာတော့ဘူး (မှန်ပါ့)

သူလာတယ်ဆိုပြီးပွားလို့ရှိရင် သကဒါဂါမ်နဲ့ပဲလာမယ်၊ သူကတော့တစ်ကြိမ်နဲ့ပြီးတာပဲ၊ နှစ်ကြိမ်ဖြစ်ဖို့ မလိုဘူးတဲ့ ကိုစောမောင်ရေ-

www.dhammadownload.com



## လောကုတ္တရာမဂ်ကတစ်ကြိမ်နဲ့အကုန်ပယ်တယ်

တစ်ကြိမ်နဲ့ အပါယ်လေးပါး တံခါးကအကုန်ပိတ်နိုင်တဲ့စွမ်းရည်သတ္တိရှိတယ်တဲ့၊ နှစ်ကြိမ်လုပ်မနေရဘူးတဲ့ပေါ်ပလား. . . (ပေါ်ပါပြီ)

တစ်ကြိမ်နဲ့ပဲ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသဆိုတဲ့ အပါယ်သွားကြောင်းတွေ တစ်ကြိမ်နဲ့ အကုန်ပယ်ချလိုက်တယ်၊ နှစ်ကြိမ်လုပ်မနေနဲ့ အပိုပဲတဲ့၊ သတ်စရာမရှိဘူးတဲ့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

တစ်ကြိမ်တည်းနဲ့သတ်လို့သေတော့ ကိုစောမောင်နှစ်ကြိမ် သတ်စရာ. . . (မလိုတော့ဘူး) အဲဒါကြောင့်သူတော့ ဘယ်နှစ်ကြိမ်တဲ့လည်း. . . (တစ်ကြိမ်ပါဘုရား)။

ဝိပဿနာမဂ်ကတော့. . . (အကြိမ်များစွာပါဘုရား) အကြိမ်များစွာ ပွားရမယ်ဆိုတော့၊ ခင်ဗျားတို့ကမဂ်ဆိုတာ ပွားရမှာကွလို့ ဆိုပြောသော်လည်း မခွဲတတ်ဘူး၊ အခုတော့ ခွဲတတ်ပြီ ဘယ်မဂ်ပွားရမှာတုံး. . . (ဝိပဿနာမဂ်ပွားရမှာပါ) လောကုတ္တရာမဂ်ကျတော့. . . (တစ်ကြိမ်ပဲပွားရမှာပါ) တစ်ကြိမ်ပဲ။

အဲတော့ ပွားဆိုတဲ့ မဂ်နဲ့ သုံးလို့ရသေးရဲ့လား. . . (မရပါဘူး) သောတာပတ္တိမဂ်ကတော့ဖြင့် တစ်ကြိမ်ပဲဆိုတာ

www.dhammadownload.com



သေချာပလား သေချာပါပြီ၊ အဲဒါပဋိသမ္ဘိဒါမဂ်အဋ္ဌကထာမှာ သေသေချာချာဖွင့်တယ်ဆိုတာကော ရိပ်မိပလား (ရိပ်မိပါပြီ)။

## အဖိုးအကြီးအကျယ်တန်သွားပြီ

ဒါဖြင့် ဒကာဒကာမတို့၊ ရှုစရာကော ဒွါရ (၆) ပေါက်မှာ တွေ့ပါသလား (တွေ့ပါပြီ) ရှုကောရှုတတ်ပါတယ်. . . (ရှုတတ်ပါပြီ)

ရှုတဲ့ကျေးဇူးကလည်း ဝိပဿနာမဂ်မှာ ဘယ်နှစ်ခုရသလဲ. . . (နှစ်ခုပါဘုရား) လောကုတ္တရာမဂ်ဆိုက်သွားတော့ ဘယ်နှစ်ခုရသလဲ. . . (သုံးခုပါဘုရား) သုံးခုရသွားတယ်ဆိုတော့ ကိုစောမောင် ဒီနေ့နည်းနည်းနောနော အဖိုးတန်သလား (တန်ပါတယ်ဘုရား) ဒကာဒကာမတွေ ဒီနေ့ တရားနာရတဲ့ပုဂ္ဂိုလ်တွေမှာ နည်းနည်းနောနော အဖိုးတန်သလား၊ အကြီးအကျယ်တန်သလား . . . (အကြီးအကျယ် တန်ပါတယ်)။

ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး လာလို့ရှိရင် ဝိပဿနာရှုကြလို့ဟောတယ်၊ ဒီလိုတောင် သိပ်ဝေဖန်လိမ့်မယ်မဟုတ်ဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

www.dhammadownload.com



## အသိဉာဏ်ရင့်မှဘုရားကဟောတယ်

မင်းဟာမင်းရှုပြီးသကာလ ဒါတောင်ပဲ ကိုယ်တော်ကြီးကတော်တော်နဲ့လာတာမဟုတ်ဘူး၊ အသိဉာဏ်တော်တော်ရင့်မှ ကပျာကယာလာလိုက်တာ၊ လာလိုက်တာ ရိပ်မိပလား (ရိပ်မိပါပြီ)

ဒီလိုဝါးလုံးရှည်ရှည်နဲ့ရမ်းလိမ့်မယ်လို့ အောက်မေ့မနေနဲ့ (မှန်ပါ့) ခုဟာက ဘယ်သူပါပါရမ်းတဲ့အဓိပ္ပါယ် ဘုရားကတော့မဟုတ်ဘူး၊ နုနေသေးရင် ငါသွားအလကားပဲဆိုပြီး ရင့်တဲ့ပုဂ္ဂိုလ်ဆီသွားတာ၊ နုတဲ့ပုဂ္ဂိုလ်ဆီသွားရဲ့လား (မသွားပါဘူး) ရှင်းပလား (ရှင်းပါပြီ) အဲဒီတော့ ရှုနည်းလေး ဒကာဒကာမတွေကို ပြောပါ့မယ်တဲ့၊ နာရီကျန်နေသေးတယ်ကိုစောမောင် ငါးမိနစ်လောက် ကျန်တယ်။

## ဝိပဿနာရှုနည်း

ရှုနည်းလေးက ဘုရားကရှုခိုင်းတော့ ဘုရားတပည့်သားကလည်းရှုခိုင်းတာပဲ ဘုရားရဲ့အဆုံးအမလိုက်နာပြီးတော့ဆိုပြီး ယုံယုံကြည်ကြည်ကိုယ်တော်မြတ်ကြီး ဉာဏ်ကို ခင်ဗျားတို့က ယုံကြည်ပါ။

ကိုယ်တော်မြတ်ကြီးဉာဏ်နဲ့ ဟောထားတာ၊ အဲတော့ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ပါ။

www.dhammadownload.com



ယုံကြည်ပြီးသကာလ ဒီအတတ်ပညာလေးနဲ့ပဲ၊ ဆရာ ပေးထားတဲ့ပညာနဲ့ရှုပါ။

ဘုရားအပေါ်ယုံကြည်ပြီး ကိုယ့်ပညာနဲ့ရှုပါ။ သဘောကျပလား. . . (ကျပါပြီ) ဘုရားအပေါ် (ယုံကြည်ပြီး ကိုယ့်ပညာနဲ့ ရှုရပ့်ါမယ်) ပြီးတော့ကိုယ့်ပညာနဲ့။ (ရှုရပါမယ်)။

သဒ္ဓါနဲ့ ပညာညီပ့်ါစေ -

သဒ္ဓါကလည်းအကြည်ညို မလွန်စေနဲ့ အကြည်ညို လွန်ရင် ပညာကနောက်ဆုတ်သွားတယ်၊ မင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူးတဲ့ ဘုရားအကြည်ညို လွန်ရင် (မဂ်မရ နိုင်ပါ)

## ဘုရားအကြည်ညိုလွန်ရင်မဂ်မရဘူး

လောကီအမြင်သာကြည့်နော်၊ အကြည်အညို လွန်တာနဲ့ ဘာဖြစ်သွားလည်း ပညာက နောက်ဆုတ်သွား တယ် သဒ္ဓါကလွန်နေလို့ (မှန်ပါ)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားမကြည်ညိုနဲ့လို့ ဟောတာမဟုတ်ဘူး၊ အကြည်ညိုလွန်ရင် မဂ်မရဘူး ရိပ်မိ ပလား (ရိပ်မိပါပြီ)။

www.dhammadownload.com



ဘာပြုလို့လည်းဆိုတော့ သဒ္ဓါ၊ ပညာမညီလို့ပေါ့ကြ ပလား၊ (ပေါ့ပါပြီ)။ ဘယ်လိုကြောင့်လည်း (သဒ္ဓါ ပညာမညီ လို့)

အဲနိဗ္ဗာန်လိုချင်လို့ရှိရင် သဒ္ဓါပညာညီရမယ်။

## နိဗ္ဗာန်လိုချင်ရင်သဒ္ဓါပညာညီရမယ်

သဒ္ဓါကလည်း ဘုရားအပေါ်မှာ သိပ်ကိုယုံကြည်ရ မယ်၊ ပညာကလည်း ယုံကြည်တဲ့အတိုင်းပဲ၊ ပညာကလည်း ဘုရားက ဟောဒီမှာဟောတယ်၊ မြင်စိတ်ကလေး ဖြစ်ပျက်တဲ့ ကြားစိတ်ကလေးဖြစ်ပျက်တဲ့။

ခင်ဗျားတို့က ဉာဏ်ကလည်းဖြစ်ပျက်ကိုသွားဆိုက်ရ မယ်၊ သဒ္ဓါကလည်း ယုံယုံကြည်ကြည်နဲ့ ဖြစ်ပျက်ဆီမှာသွား ဆိုက်ရမယ် သဘောကျပလား (ကျပါပြီ) ဒီနှစ်ခုညီလို့ရှိရင် သဒ္ဓါပညာ ညီရင်လည်း ခဏကလေးနဲ့ရတယ်၊ သဘောကျ ပလား (ကျပါပြီ)

## ဣန္ဒြေညီတာလို့ခေါ်တယ်

ဒါဣန္ဒြေညီတာလို့ခေါ်တယ်၊ သဒ္ဓိန္ဒြေနဲ့ပညိန္ဒြေညီတာ (မှန်ပါ့) ပြီးတော့ကို၊ အကယ်၍ ဒီနှစ်ခုမှာ နွားနှစ်ကောင်လို ကြိုးစုံကိုင်မောင်းတဲ့ ကိုစောမောင် တစ်ကောင်မှ မလွန်ရသလို ပေါ့ဗျာ။

www.dhammadownload.com



သူတို့နှစ်ခုတစ်ခုလွန်သွားရင် သဒ္ဓါလွန်သော် ဟိုဘက်ကို ခင်တဲ့ဘက်လှည့်တယ် ခင်တတ်တဲ့ဘက် လှည့်တယ်၊ ဘုရားအပေါ် ခင်တတ်တဲ့ ဘက်လှည့်တယ်၊

ပညာကရှေ့ချွန်ထွက်သွားပြန်လည်း ကောက်ကျစ်တဲ့ဘက်လှည့်တယ်၊ သူတို့နှစ်ခု ညီနေအောင် ထားရမယ်။

ဖြစ်ပျက်ရှုတယ်၊ ဖြစ်ပျက်ရှုတုံး ဒကာဒကာမတွေ ဘယ်သူကို ညီအောင်ထားရမှာလဲ (သဒ္ဓါနှင့်ပညာကိုပါ) အဲ ညီအောင်ထား ဦးဘရှင်း ရိပ်မိပလား (ရိပ်မိပါပြီ)

## ငါဘယ်နှယ်ကြောင့်မရသေးပါလိမ့်

ငါဘယ်နှယ်ကြောင့်မရသေးပါလိမ့်ဆိုရင် ဒါမညီသေးလို့မှတ်၊ ရှင်းပလား (ရှင်းပါပြီ)။

ကဲတစ်ခုပြောလိုက်ဦးမယ် ဝီရိယနဲ့ သမာဓိ၊ သူတို့တစ်တွေစုံလွတ်ရမယ်၊ ဝီရိယလေးကလည်း ကိုစောမောင်အားထုတ်ရမယ်၊ ဖြစ်ပျက်ရှိတဲ့ဘက်ကို သမာဓိကလည်း ဖြစ်ပျက်ရှိတဲ့ဘက်ကိုတည်ရမယ်၊ မောင်နိုင်သဘောကျပလား (ကျပါပြီ)။

ဝီရိယနှင့် သမာဓိကကော. . (ညီရမယ်) ညီရမယ် ဘယ်ဘက်လှည့်ပြီးညီရမှာပါလိမ့်၊ (ဖြစ်ပျက်ဘက်လှည့်ပြီး ညီရပါမယ်) ဖြစ်ပျက်ရှိတဲ့ဘက်ညီနေအောင်လှည့်၊ သဘောကျပလား. . . (ကျပါပြီ)။

www.dhammadownload.com



## သမာဓိလွန်ရင်၊ ပျင်းရိတယ်

ဖြစ်ပျက်ရှိတဲ့ဘက်ဘယ်လိုလုပ်ရမယ်. . . (ညီနေအောင်လုပ်ရပါမယ်) သူတို့နှစ်ခုဝီရိယကရှေ့ချွန်ထွက်သွားပြန်လို့ရှိရင်လည်း၊ ဥဒ္ဓစ္စဖြစ်သွားလိမ့်မယ်၊ မင်းတို့မဂ်မရပေဘူး၊ သဘောကျပလား (ကျပါပြီ)။

သမာဓိကလွန်သွားပြန်လို့ရှိရင်လည်း ပျင်းရိတဲ့ဘက်၊ ထိနမိဒ္ဓဘက်သွားလိမ့်မယ်၊ သူတို့နှစ်ခုတွဲလွှတ်၊ မလွန်စေနဲ့တဲ့၊ ဖြစ်ပျက်ရှုတဲ့ဘက်ကို ရှင်းပလား (ရှင်းပါပြီ)။

## သတိမလွှတ်စေနဲ့

ကဲသဒ္ဓါပညာရော မောင်နိုင်. . . (ညီရပါမယ်) ဘယ်ဘက်လှည့်ညီရမယ်။ (ဖြစ်ပျက်ဘက်လှည့်ညီရမယ်) ဝီရိယနဲ့ သမာဓိကော. . . (ဖြစ်ပျက်ဘက်လှည့်ညီရပါ့မယ်)။

အဲ၊အဲဒါတော့ သဒ္ဓိန္ဒြေ၊ ပညိန္ဒြေ၊ ဝီရိယိန္ဒြေ၊သမာဓိန္ဒြေ၊ ဣန္ဒြေလေးပါးရှိတော့သတိတစ်လုံးကျန်သေးတယ်၊ သတိက ဒီအပေါ်မှာလေးခုအပေါ်မှာ အကုန်ချုပ်တယ်၊ သတိက မလစ်စေနဲ့၊ မောင်နိုင်လာသရွေ့ရှုမဟဲ့၊ သဘောကျပလား (ကျပါပြီ)။

သတိကတော့ဖြင့် ခုနက လွန်တယ်လို့မရှိဘူး၊ သူကတော့အမြဲတန်းစောင့်ပြီး ကြည့်နေရမယ်၊ အမြဲတမ်းစောင့်နေရမယ်သတိက (မှန်ပါ့)

www.dhammadownload.com



## ပညာရဲ့အခြံအရံတွေပါ

ဒီအထဲမှာ ဖြစ်ပျက်မြင်တာကတော့ ပညာတစ်လုံးတည်းမြင်တယ်၊ ဒီပြင်ဟာတွေက အကူအညီချည်းမှတ်လိုက်၊ သဒ္ဓါကကော (အကူအညီပါ) ဝီရိယ သမာဓိကော (အကူအညီပါ) သတိကကော (အကူအညီပါ) အကူအညီပဲတဲ့၊ သို့သော် ပညာအခြံအရံတွေ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

## သမာဓိနဲ့ ဝီရိယနဲ့ ညီရမယ်

ကဲဒါဖြင့် ဒီနေ့ညမှာ ဘာနဲ့ဘာညီရမလဲ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ (ပညာနဲ့ သဒ္ဓါနဲ့ညီရပါမယ်) နောက်ကော (သမာဓိနဲ့ ဝီရိယနဲ့ ညီရပါမယ်) ညီနေရမယ် သတိဘယ်တော့မှ မလွတ်စေနဲ့၊ ဒါလေးနောက်က ချုပ်ပေးပါ။

ဒကာ ဒကာမတို့ တစ်ခေါက်ပြန်ပြောစမ်း (သဒ္ဓါနဲ့ ပညာညီရမယ်၊ သမာဓိနဲ့ ဝီရိယညီရမယ်) သတိကို (ဘယ်တော့မှ မလွတ်စေရဘူး)

## မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမယ်

ဒီငါးပါးညီလို့ရှိရင်ဖြင့်ကွာတဲ့ ဣန္ဒြေမျှတဲ့အတွက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမယ်လို့ ငါသေသေချာချာ ဟောတယ်တဲ့၊ ရှင်းပလား . . . (ရှင်းပါပြီ)။

www.dhammadownload.com



## ဝိပဿနာ ရှုနည်း၊ ညှိနည်း

ဒါဖြင့် ဝိပဿနာမဂ်လည်းရှင်းပြီ၊ လောကုတ္တရာမဂ်ကော (ရှင်းပါပြီ) ရှုနည်းကော (ရှင်းပါပြီ) ညှိနည်းကော (ရှင်းပါပြီ) ရှုနည်း ညှိနည်းလည်းရပြီ။

ဒါဖြင့် ကိုစောမောင် ဘာလိုသေးလဲ (မလိုပါဘူး)

ဒီနေ့ညအဖို့မှာ အတော်အဖိုးတန်သွားပြီ၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

ကဲ - ဒီနေ့ဒီတွင်တော်ကြစို့။

သာဓု . . . သာဓု . . . သာဓု

www.dhammadownload.com